The Beautifier News Journal

အလှဒဏ်ရာ ဂျာနယ်

အတွဲ-၁၂ အမှတ် (၈) ၁၃၈၄ ဗန်ဒူးလကွယ်၊ သောကြာနေ့ (၂၀၂၂ မေလ ၂၉ ရက်)

၂ ပတ် ၁ ကြိမ် ပုဒ်ရေ(၄၀)ကျော်ခေတ်ပေါ်ထောင်ကြိုးဖျာနှစ် ထုတ်ဝေသည်။

MYANMAR ETC
Cashless Society for Expressway
M.ezGo
09.96.994.71.71



ပြည်ထောင်စုဝန်ကြီး ဦးလွှဲလေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Vinay Kumar ဦးဆောင်သောအပွဲအား လက်ခံတွေ့ဆုံ

စာမျက်နှာ ၃

CRDCC နှင့် CRDC Engineering Co.,Ltd. တို့၏ အလုပ်ရုံး

ဆက်ဖတ်ရန် စာမျက်နှာ ၈

ပဲခူး - သထုံ - ထော်လှိုင် - ဘားအံ အထေးပြုလမ်းမကြီး လေးလမ်းသွားအဆင့်မြှင့်တင်ရေး ကုန်းဘောင်ခွဲ

ဆက်ဖတ်ရန် စာမျက်နှာ ၉

EVER PLUS
Traffic Safety Equipment
Road Signs
Ph: 09.514.3254,
09.430.222.25


Road Sign at Yangon-Bago Road.



EDITORIAL REMARK

မျော်လင့်နိုင်သော လူသစ်စိတ်သစ်

အတာကျူးပြီး နှစ်သစ်သို့ကူးပြောင်းပြန်လေပြီ။ မြန်မာသက္ကရာဇ် ၁၃၈၃ မှ ၁၃၈၄ခုနှစ်အတွင်း ချဉ်းနင်းဝင်ရောက်ခဲ့ပေပြီ။ မြန်မာတို့က အတာသင်္ကြန်အခါကာလဟု ပြောစမှတ်ရှိကြ၏။ မြန်မာစကား "အတာ"ဟူသည် အတိုင်းအတာဟူသော သဘောဖြစ်၍ ၁၂လရာသီတစ်ပတ်လည် ပြည့်မြောက်သည့်အတိုင်းအတာ ကာလသတ်မှတ်ချက်ကို ကိုယ်စားပြုဝေါဟာရဖြစ်ပြီး သင်္ကြန်ဟူသောစကားသည် "သင်္ကန်ဟူ၍ တနင်္ဂနွေဂြိဟ်မင်းသည် တစ်ရာသီမှ တစ်ရာသီသို့ ပြောင်းရွှေ့ခြင်းကို ကိုယ်စား ပြုသော ပါဠိသင်္ကေါဟာရဖြစ်ပြီး သူလည်းပဲ ရာသီစက်ဝန်းကူးပြောင်းမှု အချိန်အတိုင်းအတာသဘော သာဖြစ်သည်။

သည်ရာသီ၊ သည်အခါသမယ ရောက်လေတိုင်း မြန်မာတို့က အတာရေသဘင်ပွဲဖြင့် နှစ်သစ်ကိုကြို ဆိုကြလေ့ရှိသည်။ နှစ်ဟောင်းမှ စွဲထင်လာသော စိတ်အညစ်အကြေးတို့ကို အတာရေဖြင့်ဆေးကြော သန့်စင်ကြခြင်းဟု ဆိုစမှတ်ရှိသကဲ့သို့ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် ပြန်လည်စတင်ကြရန် ရည်ညွှန်းကျင်းပကြခြင်းဟုလည်း ဆိုကြပြောကြသည်။ ဤသို့ဖြင့် နှစ်မကူးခင် မိမိအဝတ်အစားဟောင်းများ လျှော်ကြ ဖွတ်ကြ၊ တစ်နှစ်လုံး ရံဖန်ရံခါမျှသာ လျှော်ဖွတ်လေ့ရှိသော စောင်၊ အိပ်ယာခင်း၊ ခန်းဆီး လိုက်ကာများအချိန်မီ လျှော်ကြ ဖွတ်ကြ၊ ဖုန်အလိန်းလိန်းတက်နေတတ်သော ဘုရားစင်နှင့် ဆင်းတုတော်များ သန့်ရှင်းရေးလုပ်၊ ရေသပ္ပာယ်ကြ၊ နှစ်ဆန်းတစ်ရက်နေ့တွင် ဟိုအရပ်မျက်နှာမူ၊ သည်အရပ်မျက်နှာမူ၍ တရော်၊ ကင်မွန်း အမွေးနံ့သာရေတို့ဖြင့် ခေါင်းလျှော်ကြ စသည်ဖြင့် စိတ်သစ်လူသစ် သန္ဌာန်မိမိကိုယ်မိမိ ပုံဖော်လေ့ရှိကြ၏။

ဤကား ထုံးတမ်းအစဉ်အလာ စိတ်သစ် လူသစ် အသွင်သဏ္ဌာန်ဖမ်းခြင်းမျှသာဖြစ်သည်။ တချို့လည်း အခါတွင်းအဓိဋ္ဌာန်တရားစခန်းဝင်ကြ၊ ဒုလ္လဘရဟန်းခံကြ စသည်ဖြင့် အသွင်ကူးပြောင်းကြပြန်သည်။ တကယ်ရော နှစ်ဟောင်း၌ကျင်လည်ခဲ့သော သွင်ပြင်လက္ခဏာစရိုက်တို့ဖြင့် ဘာမျှမဆိုင်တော့သော စိတ်သစ်လူသစ် ဖြစ်လာခဲ့ပြီလား၊ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်သင့်လှပေသည်။ သို့တည်းမဟုတ်၊ သွင်ပြင်လက္ခဏာဟောင်း၊ စရိုက်ဟောင်းတို့ လုံးဝဥဿုံ မဟုတ်ဘဲ တစ်ခုစ၊ နှစ်ခုစ အနည်းငယ်မျှ ပြောင်းလဲလာခဲ့ပြီလော စစ်ကြည့်သင့်ပါသည်။

အဝတ်အစား အသစ်ဝတ်ရုံမျှဖြင့် စိတ်သစ်လူသစ်ဖြစ်မလာနိုင်သကဲ့သို့ တရော်ကင်မွန်းဖြင့် ခေါင်လျှော်ရုံမျှဖြင့်လည်း စိတ်သစ် လူသစ်ဖြစ်မလာနိုင်ပါ။ တရားစခန်း ငါးရက်၊ တစ်ပတ်ဝင်ရုံ၊ ဒုလ္လဘရဟန်းခံရုံဖြင့်လည်း စိတ်သစ် လူသစ်ဖြစ်မလာနိုင်ပါ။ လောလောလတ်လတ် သင်္ကြန်အပြီး ဧပြီ ၁၈ရက်နေ့က ပဲခူးမြို့ကင်းချောင်းရွာတွင် အသက် ၂၆နှစ်အရွယ် လူငယ်လေးတစ်ဦး ဒုလ္လဘရဟန်းဘဝမှ လူထွက်လာပြီး စိတ်ဟောင်း၊ လူဟောင်းဘဝပြန်ရောက်၍ အရက်သောက်ပျော်ပါးနေစဉ် "ဘုန်းကြီးထွက်တာ ဘာမျှမကြာသေးဘူး၊ မင်းတို့သောက်နေပြန်ပြီ"ဟူသော စကားတစ်ခွန်းကြားရာမှ ရန်ဖြစ်ကြပြီး အသက်ဆုံးရှုံးသွားရသည်ဟူ၏။

ထိုသူတို့သည် ရက်ပိုင်းကာလတစ်ခုမျှ ချုပ်တည်းထားရသောစိတ်ကို ကာလလွန်မြောက်သည်နှင့် အတိုးချ စိတ်လွှတ်ပစ်တတ်ကြသည်။ ယခုတော့ ရခဲလှစွ လူဘဝတစ်ခုဆုံးရှုံးသွားပြီး ဘဝသစ် စိတ်သစ်ဖြစ်နေရော့မည်မှာ သေချာသည်။ သို့သော် လူစိတ်၊ လူဘဝသစ်မဟုတ်ဖို့ ရာခိုင်နှုန်းများလှပါသည်။

လူအများစုကတော့ နှစ်ဟောင်းတွင် ပင်ပန်းခဲ့သမျှ နှစ်သစ်တွင် သာယာချမ်းမြေ့ပျော်ရွှင်နိုင်သော စိတ်သစ်ကိုလိုချင်ကြသည်။ သည်စိတ်မျိုး ပိုင်ဆိုင်နိုင်ဖို့ လက်ညှိုးညွှန်ရာ ရေဖြစ်စေသည့် လူသစ်ဘဝရမှဖြစ်မည်။ အသေအချာကြည့်လျှင် ထိုဆန္ဒမျိုးသည် လူတိုင်းတွင်ရှိတတ်ကြပြီး အရင့်အရင်္ကလည်း သည်အတိုင်းရှိခဲ့ပြီး သည်သို့သာကြံဆောင်နေထိုင်ခဲ့ကြသူများဖြစ်၍ နှစ်ဟောင်းကလူ၊ နှစ်ဟောင်းကစိတ်နှင့် ဘာမျှမခြား၊ တစ်သားတည်းသာဖြစ်နေသော လူများကိုသာ နှစ်သစ်တွင် ပြန်တွေ့နေရသည်။ စင်စစ်တွင် စီးပွားရခြင်း မရခြင်း၊ ချစ်ခင်သူနှင့်ပေါင်းစပ်ရခြင်း၊ မရခြင်း၊ အောင်မြင်မှုရခြင်း မရခြင်း၊ သာယာပျော်ရွှင်ခြင်း မပျော်ရွှင်ခြင်းဟူသော လောကဓံတရားတို့သည် အခုရေတွင်းတူး၊ အခုရေကြည်သောက် မဖြစ်နိုင်ဆိုသကဲ့သို့ အတိတ်ကာလအကြောင်းပေါင်းများစွာ၊ ပစ္စုပ္ပန်ကာလအကြောင်းများစွာတို့ တိုက်ဆိုင်ပေါ်ပေါက်ရခြင်းဖြစ်သည်။

သို့ဖြစ်၍ ထိုမျှော်လင့်ချက်တို့အနက်မှ ကျွန်ုပ်တို့မျှော်လင့်သော လူသစ်စိတ်သစ်ဟူသည် ဇာလီယတောတန်းအတွင်း လက်ညှိုးများဖြတ်ယူနေသော လူဆိုးကြီးဘဝမှ မြတ်ဗုဒ္ဓသာဝကဖြစ်ခဲ့သည့် အရှင်အင်္ဂုလိမာလ မထေရ်လိုမျိုး၊ အဖသတ်ဘုရင်အဖြစ် ကျော်ကြားခဲ့ရာမှ ပထမသင်္ဂါယနာတင် မင်းတရားကြီးဖြစ်လာသည့် အဇာတသတ်မင်းကြီးလိုမျိုး၊ အိန္ဒိယတိုက်ငယ်တစ်ခွင် သွေးချောင်းစီးတိုက်ပွဲဆင်နွှဲခဲ့သော ကေရာဇ်ဘုရင်ကြီးဘဝမှ သာသနာ့ဒါယကာဘွဲ့ခံ သီရိဓမ္မာသောကမင်းကြီးလိုမျိုးတို့ဖြစ်သည်။ ထိုလူသစ် စိတ်သစ်တို့သည် လောက၊ ဓမ္မနှစ်ဖက်လုံးသော စိတ်သစ် လူသစ်တို့ဖြစ်သည်ကို ငြင်းနိုင်ဖွယ်မရှိပါ။

သူတို့ထွက်ပေါ်ခဲ့ခြင်းသည် မြတ်ဗုဒ္ဓလက်ထက်တော်ကာလ အခွင့်အခါကောင်းကြီးဖြစ်၍ ပါရမီရှင်ပုဂ္ဂိုလ်ထူးကြီးများ အရာသာဖြစ်သည်ဟုဆိုရန်ရှိသော်လည်း မြတ်ဗုဒ္ဓသာသနာတစ်ဝက်ကျိုးပြီးကာလ လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ခန့်တွင် ဆုတော်ငွေထုတ်ခံ ဓားပြဓိုလ်ကြီး ကိုအောင်ထွန်းဘဝမှ သဲအင်းဆရာတော် ဘုရားကြီး ဥူးဥက္ကဋ္ဌအဖြစ် လူသစ် စိတ်သစ်တစ်ပါး ပေါ်ထွက်ခဲ့ပြန်၏။

အတိတ်အကြောင်းကံ ဝဋ်ကြွေးတို့ကြောင့် ပရိယတ္တိစာပေသာမက သာမန်အတန်းကျောင်းစာပေပင် မသင်ကြားခဲ့ရသူဖြစ်သော်လည်း ခန္ဓာကိုယ်တွေ့ ပဋိပတ္တိသက်သက်ဖြင့် မြတ်ဗုဒ္ဓဘာသနာကို ပေါက်ပေါက်ရောက်ရောက် ထွန်းတောက်နိုင်စေခဲ့သူဖြစ်၏။ သူကိုယ်တိုင်သာမက သူတပည့်သားသာဝကများစွာ စိတ်သစ် လူသစ်များ ဖြစ်သွားစေခဲ့ပါသည်။ အဓိုးရဝန်ထမ်းဖြစ်သကဲ့သို့ ဘာသာခြားစာဟောဆရာလည်းဖြစ်ခဲ့သူဘဝမှ မော်လမြိုင်သဲအင်းတရားပြ ဆရာတော်ဖြစ်သွားသူ၊ အဓိုးရဝန်ထမ်းဘဝနှင့်ပင် နာမည်ကြီးလောကီဂိုဏ်းကြီးတစ်ခု၏ ဒုတိယဂိုဏ်းချုပ်ကြီးဘဝမှ ကြတောသုသာန်အတွင်း တစ်ပါးတည်းနှစ်များစွာ ဓုတင်ဆောင်ရင်းတရားကျင့်နေခဲ့သည့် ဆရာတော်၊ တုတ်ပြီး ဓားပြီး အင်းအစွမ်းဖြင့် နိမ့်ကျသူ ပြည်သူ့ဘက်တော်သားအဖြစ် လူရမ်းကား လူဆိုး လူမိုက်တို့ကို နှိမ်နင်းနှိပ်ကွပ်သူအဖြစ်မှ ခန္ဓာကိုယ်တွေ့တရားပြ ဆရာတော်ဖြစ်သွားသူ၊ မိဘများနှင့်အတူ တံငါလုပ်၊ ပိုက်ကွန်ရက်စည့် အကုသိုလ်အလုပ်လုပ်နေရာမှ အသက် ၁၅နှစ်မှ ၁၇နှစ် နှစ်နှစ်အတွင်း တရားပြ ယောဂီဖြစ်လာပြီး နောင်တွင် တရားပြသီလရှင် ဒေါ်ပညာဖြစ်သွားခဲ့သူတို့နှင့် ပရိယတ္တိစာသင်စာချဆရာတော်များဘဝမှ ပဋိပတ္တိအကျော်အမော်ဖြစ်သွားခဲ့သည့် လူသစ် စိတ်သစ်များစွာ အကြောင်းကြားသိလိုက်ရပေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ဝန်းကျင်အတွင်း ပေါ်ထွက်ခဲ့သော ထိုလူသစ် စိတ်သစ်တို့အနက် အတော်များများသည် သူပဋိဝေဓနှင့်သူချုပ်သွားကြပေပြီ။ သက်ရှိထင်ရှားရှိသူများလည်း ရှိကြပါလိမ့်ဦးမည်။ သူတို့သည် အာနာပါန အရှုစွာန် သတိကပ်ထားလေ့ရှိကြ၏။ လောကဓံနှင့်မလွတ်ကင်းသော ဤလောကကိုလည်း ကမ္မသကတ သမ္မာဒိဋ္ဌိအမြင်ဖြင့်သာ ရှုတတ်ကြသည်ဖြစ်၍ ကျွန်ုပ်တို့ကဲ့သို့ တုန်လှုပ်ချောက်ချားခြင်းမရှိကြ၊ လွတ်သောနေရာမှ ခံစား သံဝေဂယူတတ်ကြ၏။ ငြိမ်းချမ်းမြဲသာဖြစ်၏။

ဤသို့ဆိုလျှင် သူတို့အတွက် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် အပူကူးစက်ရန် မရှိတော့၊ သို့စဉ်မကသူမေတ္တာ၊ သူသမာဓိစက်ကွင်းအတွင်း ကျရောက်သူမှန်သမျှသည်လည်း အထိုက်အလျောက် ငြိမ်းချမ်းကြမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ လူသားအားလုံး သမဏာနဉ္စ ဒဿနံ မင်္ဂလာရှိခံစားနိုင်ကြပါစေ။

တောင်တွေ့လျှင် လမ်းဖောက်
မြစ်တွေ့လျှင် တံတားဆောက်

မြစ်ကိုမြင်လျှင် တံတားဆင်
ပြည်ခွင်သာဖို လမ်းခင်းစို့

အကြံပေးနာယက
မောင်ဆောက်လုပ်ရေး
အယ်ဒီတာချုပ်
ဦးဝဏ္ဏဇော်
(အမြဲတမ်းအတွင်းဝန်)
အတိုင်ပင်ခံအယ်ဒီတာ
ခရမ်းစိုးမြင့်
အုပ်ချုပ်မှုအယ်ဒီတာ
အောင်တင်(လက်ထောက်ညွှန်ကြားရေးမှူး)

အယ်ဒီတာ
အောင်ထက်
လူအောင်
စာပြင်
ဝင်းကြည်၊
တိုးအောင်
သတင်းထောက်
ကိုဖြိုး၊
ကျော်မိုးလွင်(ဓာတ်ပုံ)

ဒီဇိုင်းတာဝန်ခံ
ကိုဦး (K-Design Group)
ထုတ်ဝေသူ
ဦးဇော်မင်းသိန်း(ဒုတိယအတွင်းဝန်)-ငြိမ်း
(မြို - ၀၁၀၅၂)
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
ပုံနှိပ်
ဦးအေးသိန်း
မြတ်ဝတ်ရည်လမ်း၊ ၂၉ ရပ်ကွက်၊

သုဝဏ္ဏ၊ သဃ်နိးကျွန်း
ဘိုးသိကြားအော့ဖ်ဆက် (၀၁၀၈၀)
ဖြန့်ချိရေး
အမှတ် (၉၀)၊ ၃၂ လမ်း
(အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ်
ဆက်သွယ်ရန်
အမှတ် (၉၀)၊ ၃၂ လမ်း (အောက်ဘလောက်)
ပန်းဘဲတန်းမြို့နယ် ဖုန်း - ၃၇၅၉၇၃
ahlasinthujournal@gmail.com



ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Vinay Kumar ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E Mr. Vinay Kumar ဦးဆောင်သောအဖွဲ့အား ဧပြီလ(၇)ရက် နေ့လယ်(၁၃း၃၀) နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ အခက်အခဲများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အိန္ဒိယနိုင်ငံအကူအညီဖြင့် ဆောင်ရွက်သော ယာကြီး၊ ကလေးဝလမ်းအပိုင်းအား နှစ်လမ်းသွားလမ်းအဆင့်မြှင့်တင်ခြင်း၊ ပလက်ဝ-ဂိုရမ်ပူလမ်းအဆင့်မြှင့်တင်ခြင်း၊ ကလေးဝ-ကျိုကုန်း-တမူးလမ်းပေါ်ရှိ တံတားဖြစ်စီ ၆စင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များ၊ တမူးနယ်စပ်၌ အဆင့်မီဘက်ပေါင်းစုံ စစ်ဆေးရေးဂိတ် (Integrated Ceck Post) တည်ဆောက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ခြင်း ဖလှယ်ဆွေးနွေးကြပါသည်။

ဌင်းတွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဦးဝင်းဖေ၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။-

MNG

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်





ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ၂၀၂၂ခုနှစ်၊ ဧပြီလ(၁၄)ရက် နံနက်ပိုင်းတွင် နေပြည်တော်ဒိုးဒုတ်(၁၁)ရှိ ဝန်ကြီးဌာနရုံးရှေ့၌ မြန်မာ့ရိုးရာအတာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနား ကျင်းပဆောင်ရွက်ပါသည်။

အဆိုပါအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီး ဦးမင်းထိန်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဦးစီးဌာနများမှ အရာထမ်း/အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြပါသည်။

ရှေဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဦးစီးဌာနများမှ ယိမ်းအကအလှအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကာ ယိမ်းအကအလှအဖွဲ့များနှင့် တက်ရောက်လာသည့် အရာထမ်း/အမှုထမ်းများအား အဖွေးနှံသာရေဖြင့်ပက်ဖျန်း၍ မြန်မာ့ရိုးရာအတာသင်္ကြန်အား ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ပါသည်။



ထို့နောက် ဝန်ကြီးဌာနရှိ စုဝေးခန်းမကြီးတွင် ဦးစီးဌာနများမှ ယိမ်းအကအလှအဖွဲ့များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေး၍ အခမ်းအနားသို့ တက်ရောက်လာသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား စတုဒိသာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးနေမှုအားကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရပါသည်။

MNG

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စာရင်းကိုင် (၄)မွမ်းမံ သင်တန်းအမှတ်စဉ် (၁/၂၀၂၂)နှင့် စာရင်းကိုင် (၄) အလုပ်ခွင်ဝင် သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီးတက်ရောက်



ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စာရင်းကိုင်(၄)မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂)နှင့် စာရင်းကိုင်(၄)အလုပ်ခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ခုနှစ်၊ ဧပြီလ(၂၁)ရက်နေ့ နံနက်(၉း၃၀)တွင် နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမင်းထိန်နှင့် ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနကြီးမှူးများ၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)ကျောင်းအုပ်ကြီးနှင့် သင်တန်းသား/သင်တန်းသူများသည် နေပြည်တော်မှ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများသည် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြပါသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စာရင်းကိုင်(၄) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) နှင့် စာရင်းကိုင်(၄)အလုပ်ခွင်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၂၂)သို့ တက်ရောက်သည့် သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းသားများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပါတီနိုင်ငံရေးကင်းရှင်းမှု၊ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အပြန်အလှန်လေးစားတတ်မှု စသည့်အလေ့အထကောင်းများဖြင့် ဝန်ကြီးဌာန၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ဌာနနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့် ဝန်ထမ်းကျင့်ဝတ်တို့ကိုလည်း လေ့လာမှတ်သားလိုက်နာကြရမှာဖြစ်ပါကြောင်း။

ယခုသင်တန်းမှာ လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သည့် သင်တန်းနည်းပြဆရာများ၏ ကျစ်လျစ်ထိရောက်သည့် သင်ကြားပို့ချမှုတွေကို မိမိတို့တာဝန်ယူဆောင်ရွက်သော ဦးစီးဌာန၊ လုပ်ငန်းခွင်တွင်ဘဏ္ဍာရေး အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး မိမိတို့၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်မြင့်မားစေရန် ကိုယ်တိုင်မြှင့်တင်ရမှာဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိရာ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်နိုင်ရေးဆိုသည့် ရည်မှန်းချက်များနှင့်အညီ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာ စသည့်အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းတာဝန်များကို အခြေခံစာရင်းပြုစုဌာနများမှ တာဝန်ခံစာရင်းကိုင်များ သိရှိလိုက်နာ ဆောင်ရွက်ရန်လိုအပ်သည့်ဌာနတွင်း လက်တွေ့ဆောင်ရွက်ရာမှာ တွေ့ကြုံရမည့် အခက်အခဲများနှင့် ဖြေရှင်းရမည့် နည်းလမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စာရင်းကိုင်ပညာ၊ စာရင်းစစ်ဆေးခြင်း၊ စာရင်းများထားခြင်း၊ အခွန်ဥပဒေဘာသာရပ်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ၊ ရုံးစာရေးသားနည်းများကို ကျွမ်းကျင်သင်တန်းဆရာများက သင်ကြားပို့ချပေးမည်ဖြစ်သည့်အတွက် တက်မြောက်အောင် ကြိုးစားမှတ်သားသင်ယူကြရန် အထူးမှာကြားလိုပါကြောင်းဖြင့် ပြောကြားပါသည်။

၄င်းနောက် လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သင်တန်းကျောင်းအုပ်ကြီးနှင့် အင်ဂျင်နီယာချုပ်များက ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်တန်းအတွေ့အကြုံများ၊ သင်တန်းသားများ လိုက်နာရမည့်စည်းမျဉ်း စည်းကမ်းများနှင့် လက်ရှိသင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးမင်းထိန်က ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ကျွမ်းကျင်မှုရှိစေရေးကြိုးစားကြရန် ဖြည့်စွက်မှာကြားပါသည်။

ယနေ့ဖွင့်လှစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စာရင်းကိုင်(၄)မွမ်းမံသင်တန်းသို့ သင်တန်းသား(၁၄)ဦးတက်ရောက်ပြီး သင်တန်းကာလကို ၂၁-၄-၂၀၂၂ မှ ၄-၅-၂၀၂၂ အထိ လည်းကောင်း၊ စာရင်းကိုင်(၄)အလုပ်ခွင်ဝင်သင်တန်းကို သင်တန်းသား(၉၂)ဦး တက်ရောက်ပြီး သင်တန်းကာလကို ၂၁-၄-၂၀၂၂ မှ ၁၈-၅-၂၀၂၂ ရက်နေ့အထိ လည်းကောင်း ဖွင့်လှစ်ပို့ချ သင်ကြားပေးမည်ဖြစ်ကြောင်းသိရှိရပါသည်။

MNG

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကအဖွဲ့ အစည်းအဝေးတက်ရောက်



မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နာယကများဖြစ်ကြသော စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးတို့သည် ဧပြီလ(၉)ရက် နံနက်(၁၀)နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ခရေပင်လမ်း၊ အမှတ်(၅/က)၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နာယကအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားကြပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နာယကအဖွဲ့အစည်းအဝေးသို့ တက်ရောက်လာသည့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ နာယကကြီးများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ Focal Ministry ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ အင်ဂျင်နီယာကောင်စီဝင်များ ရွေးချယ်နိုင်ရေးအတွက် နာယကအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ အင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းများကို တိုးတက်အောင်မြင်ရေးအတွက် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် ပြောကြားပါသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ နာယက စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် မိမိဘက်မှအတက်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို အသေးစိတ် ဆွေးနွေးပြောကြားပါသည်။

MNG

ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်အတက်နေ့အား စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ









ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာ့ရိုးရာအတာသင်္ကြန်မိသားစုရေသဘင်ပွဲတော်ကို ဧပြီလ (၁၆)ရက်နေ့ နံနက်ပိုင်း၌ ရုံးအမှတ် (၁၁)ရှိ ဝန်ကြီး ဌာနစုဝေးခန်းမကြီးတွင် မြန်မာ့ရိုးရာအတာအင်္ကြန်ပွဲတော် အတက်နေ့အား စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပခဲ့ပါသည်။

အဆိုပါ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်နှင့်ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် မိသားစုဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနမှူးများမှ ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြပါသည်။

ရှေးဦးစွာ ဝန်ကြီးဌာနစုဝေးခန်းမကြီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် လမ်း၊ တံတား၊ မြို့ပြအဆောက်အဦများ တည်ဆောက်လျက်ရှိသော မှတ်တမ်းများမှအချို့အား ဂုဏ်ပြုဖော်ညွှန်းသော ဆောက်လုပ်ရေး အောင်လံမြတ်သင်္ကြန်သီချင်း MTV အားပြသ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားပြုယိမ်းအကအလှအဖွဲ့မှ ကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ပြီး ယိမ်းအကအလှအဖွဲ့များနှင့် တက်ရောက်လာသည့် ဝန်ထမ်းမိသားစုများအား အမွေးနုံသာရေဖြင့်ပက်ဖျန်းကာ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အတက်နေ့အား ဧည့်သည်တော်များနှင့် အတူ တကွ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပါသည်။

ထို့နောက် ဝန်ကြီးဌာနရုံးရှေ့ရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ရေကစားမဏ္ဍပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် မိသားစုဝင်များက ယိမ်းအကအလှအဖွဲ့များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုများအားကြည့်ရှုအားပေး၍ အတာရေသဘင်ပွဲတော်ကို ဝန်ထမ်းများ၊ မိသားစုဝင်များနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရှိရပါသည်။

MNG

လမ်းဦးစီးဌာန ရမည်းသင်းခရိုင် အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁/၂၀၂၂-၂၀၂၃)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် ရက်/အချိန်
၂၂-၄-၂၀၂၂ ရက်၊ (သောကြာနေ့) (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန်
၆-၅-၂၀၂၂ ရက်၊ (သောကြာနေ့) ညနေ ၃ နာရီ

(ဂ) တင်ဒါလျှောက်လွှာရောင်းချမည့် နေရာ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်
၁၀-၅-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀) နာရီ

(င) တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရမည်းသင်းခရိုင်၊ လမ်းဦးစီးခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၉-၄၀၂၇၃၇၉၇ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
လမ်းဦးစီးဌာန၊ ရမည်းသင်းခရိုင်

ကျောက်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျောက်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်
၁၈-၄-၂၀၂၂ ရက်၊ (ရုံးချိန်အတွင်း)

(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်
၃-၅-၂၀၂၂ ရက်၊ ညနေ (၄း၃၀) နာရီ

(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ
ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ပြည်နယ်၊ မြစ်ကြီးနားမြို့

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ကျောက်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဖုန်း-၀၇၄-၂၂၂၃၃၉၊ ၀၇၄-၂၂၂၃၃၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တင်ဒါခေါ်ယူခြင်းကိစ္စ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရေးရန်ပုံငွေနှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့် လမ်း၊ တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရောင်းချရမည့်ရက်
၅-၅-၂၀၂၂ ရက်နေ့မှ ၂၄-၅-၂၀၂၂ ရက်နေ့အထိ

(ခ) တင်ဒါလျှောက်လွှာ တင်သွင်းမည့် ရက်/အချိန်
၂၆-၅-၂၀၂၂ ရက်၊
နံနက် (၉း၀၀) နာရီမှ ညနေ (၄း၃၀) နာရီအထိ

(ဂ) တင်ဒါလျှေးချယ်မည့် ရက်/အချိန်
ထပ်မံကြေငြာပါမည်။

(ဃ) တင်ဒါလျှေးချယ်မည့် နေရာ
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ငယ်တံတားမြောက်ဘက်ထိပ်၊ အမရပူရမြို့နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
၀၉-၆၉၇၀၅၀၆၂၄

ခုနစ်ရက်သားသမီးများနှင့် ဂျစ်နီဟောစာတမ်း

၂၇ - ၄ -၂၀၂၂ ရက်မှ ၁၀ - ၅ - ၂၀၂၂ ရက်အထိ

ဇေယျာမိုး (ဝေဒဗိမာန်)



အထူးကံကောင်းနေသော အချိန်ကာလဖြစ်ပါသည်။ ကြီးကဲသူများ၏ အကူအညီကောင်းများ ရရှိလာလိမ့်မည်။ ဘာသာရေးလုပ်သူများနှင့် လူမှုရေးကူညီတတ်သူများအနေဖြင့် ဝင်ငွေအထူးကောင်းလာမည်။ ထီပေါက်ရခြင်း၊ ကံစမ်းမဲပေါက်ခြင်းများ ကြုံလာရပါလိမ့်မည်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေးတွင် ဘေးလူများကြောင့် အဆင်မပြေဖြစ်ရတတ်လို့ သတိထားသင့်ပါသည်။ နေ့အိမ်အတွင်း ထူးဆန်းသော အဖြစ်အပျက်ဆန်းများ ကြုံလာရပါက ကြီးကဲသူများအတွက် ကျန်းမာရေးအခက်ကြုံရတတ်ပါသည်။ ကျန်းမာရေးကောင်းနေမည်။

➢ နေ့အိမ်ဘုရားတွင် ဇီးကြွံရည် ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အစားအသောက်ကောင်းများစားသောက်ရလိမ့်မည်။ ပျော်ပွဲရွှင်ပွဲများ မွေးနေ့ပွဲများနှင့် မင်္ဂလာဆောင်များကို မဖြစ်မနေသွားရောက်ရလိမ့်မည်။ လူလွတ်များ အိမ်ထောင်ရေးကိစ္စကြုံမည်။ အိမ်ထောင်သည်များ ရေလာမြောင်းပေးမျိုးကြုံမိပြီးရန်းမထွက်နိုင်ဖြစ်လိမ့်မည်။ အသောက်အစားရှိသူများအနေဖြင့် ခိုက်ရန်ဖြစ်ရပြီး ရုံးရောက်ကတ်ရောက်ဖြစ်လိမ့်မည်။ သားသမီးရှိသူများအနေဖြင့် သားသမီးအတွက်၊ လူလွတ်များအနေဖြင့် ငယ်ရွယ်သူ ညီ၊ ညီမ၊ မောင်များအတွက် သောကကြုံရမည်။ ချောင်းဆိုးရင်ကြပ်ဖြစ်လိမ့်မည်။

➢ နေ့အိမ်ဘုရားတွင် စပတ်ကလင်အချိုရည် ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

ဘာသာရေးဖြင့် နေထိုင်ပါမှ ကံကောင်းမည်ကာလဖြစ်ပါသည်။ ဥပဒေပြဿဝါဒ လုပ်ငန်းလုပ်သူများနှင့် ဘာသာရေးကောင်းမွန်နေသူများဖြစ်ပါက အမှုအခင်းကြုံရတာမျိုး၊ အနာရောဂါဖြစ်ရတာမျိုး ကြုံကြရလိမ့်မည်။ အိမ်ထောင်သည်များ အထူးသတိပြုရန်လိုအပ်ပါသည်။ အသောက်အစားကြောင့် ကြီးကဲသူများ၏ အပြစ်တင်ခံနေရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အစာမှား၊ ဆေးမှား ကြုံရလိမ့်မည်။ ငွေကြေးပျောက်ရှုရတာမျိုး၊ အလိမ်ခံရတာမျိုးကြုံရမည်။ အောင်မြင်ကျော်ကြားသူများအနေဖြင့် အနေအထိုင်မှားပြီး အရှက်တကွဲဖြစ်ရလိမ့်မည်။

➢ နေ့အိမ်ဘုရားတွင် ရောက်ယိ ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အောင်မြင်မှုလမ်းစ စတင်တွေ့ရှိရတတ်သော ကာလဖြစ်သည်။ မမျှော်လင့်ဘဲ ကူညီမစမည့်သူများ ပေါ်လာလိမ့်မည်။ လူမှုရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးတတ်သူဖြစ်ပါက အကြီးအကျယ် အောင်မြင်လာမည်။ ငွေကြေးလာဘ်လာဘများ မပြတ်ဝင်လာမည်။ လုပ်ငန်းခွင်အသစ်များ တွေ့လာရလိမ့်မည်။ ဒေါသတကြီး ပြောဆိုခြင်းနှင့် ဆုံးဖြတ်ချက်မြန်ဆန်ခြင်းတို့ကြောင့် အမှားတွေ့ရှိတတ်လို့ သတိထားပါ။ ခရီးသွားဖြစ်ခဲ့ပါက အရာရာအောင်မြင်ရပါလိမ့်မည်။

➢ နေ့အိမ်ဘုရားတွင် အုန်းရှာလပတ်ရည် ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

ကြီးကဲသူများအတွက် တာန်ယူလှုပ်ရှား သွားလာနေရတတ်သော အချိန်အခါဖြစ်ပါသည်။ အလုပ်အကိုင်တာဝန်ကြီးများ ယူနေရပါလိမ့်မည်။ လျင်လျင်မြန်မြန် လုပ်ကိုင်တတ်သူဖြစ်ပါက အကြီးအကျယ် အောင်မြင်ရနိုင်သော်လည်း တွေဝေနေသူများအနေဖြင့် စားရခါနီးပြုတ်ကျသွားရပါလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အနာရောဂါကင်းနေသော်လည်း အပူလောင်တာ၊ ဓာတ်လိုက်တာမျိုးတွေ ဖြစ်ရတတ်လို့ သတိထားပါ။ ငွေရေးကြေးရေးကိစ္စတွေမှာ အများအယွင်းဖြစ်ရတတ်လို့ သတိထားပါ။

➢ နေ့အိမ်ဘုရားတွင် အုန်းစိမ်းရည် ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အထောက်အပံ့ကောင်းများရရှိပြီး လုပ်ကိုင်သမျှ အောင်မြင်နေရတတ်သော အချိန်ကာလဖြစ်ပါသည်။ အတတ်ပညာဖြင့် လုပ်ကိုင်သူများနှင့် ဥပဒေဝန်ထမ်းများအနေဖြင့် အထူးလာဘ်ရွှင်နေလိမ့်မည်။ မှန်မှန်ကန်ကန် လုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှု သရဖူကို လှမ်းကိုင်နိုင်သော အချိန်ကာလကောင်းဖြစ်ပါသည်။ အမှုအခင်းကြုံရတာ၊ သေကောင်ပေါင်းလဲ ဖြစ်ရတာမျိုးတွေကြုံကြရလိမ့်မည်။

➢ နေ့အိမ်ဘုရားတွင် ပဲပေါင်မုန့် ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

ငယ်ရွယ်သူများအနေဖြင့် အချစ်ရေးကိစ္စများကြောင့် စိတ်သောက ရောက်နေပါလိမ့်မည်။ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ငွေရေးကြေးရေး အခက်ကြုံနေရလိမ့်မည်။ အသောက်အစား လွန်ကဲသူများအနေဖြင့် သေချာပေါက်ဆေးရုံ၊ ဆေးခန်းသွားရလိမ့်မည်။ စိတ်အလိုလိုက်သူများ အများပေါ်အများဆင့်နေပြီး မြေရှင်းမရ ဖြစ်နေရပါလိမ့်မည်။ မုဆိုးမ၊ တစ်ခုလပ်များနေ့အိမ်သို့ ညအိပ်ညနေရောက်လာပါက လက်မခံပါနှင့်။ လက်ခံမိပါက အမှုအခင်း ပြဿနာကြုံရပါလိမ့်မည်။

➢ နေ့အိမ်ဘုရားတွင် ပဲနို့ ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အနေဝေးနေသော မိတ်ဆွေ၊ ဆရာသမားများနှင့် ပြန်ဆုံရပါလိမ့်မည်။ ချစ်သူဟောင်းများကို ပြန်ဆုံမိပြီး ရင်ခုန်နေမိလိမ့်မည်။ ကြီးကဲသူများ၏ အကူအညီကောင်းများရရှိလာလိမ့်မည်။ လုပ်ငန်းခွင်အသစ်များ လုပ်ကိုင်ခွင့်ရရှိလာလိမ့်မည်။ ဤအချိန်ကာလသည် သည်းခံစောင့်ဆိုင်းတတ်သူများနှင့် ပီရိယအားကောင်းသူများအနေဖြင့် အထူးအောင်မြင်နိုင်သောကာလ ဖြစ်သော်လည်း လူပျင်းများနှင့် စိတ်မရည်သူများအတွက် ဘေးတွေ့ရတတ်သောကာလလည်း ဖြစ်ပါသည်။ ထီပေါက်ရတာ၊ အမွေရတာ၊ ကံစမ်းမဲပေါက်တာမျိုးတွေ တွေ့ကြုံရလိမ့်မည်။

➢ နေ့အိမ်ဘုရားတွင် အုန်းနို့ခေါက်ဆွဲ ကပ်လှူပေးပါက အရာရာအောင်မြင်ရလိမ့်မည်။

အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေသော အချိန်အခါများ

၂၇ - ၄ -၂၀၂၂ ရက်မှ ၁၀ - ၅ - ၂၀၂၂ ရက်အထိ

ဆရာဇေယျာမိုး (ဝေဒဗိမာန်)

လူတစ်ယောက်အတွက်ကံကောင်းပြီး လုပ်သမျှအဆင်ပြေနေတဲ့ အချိန်အခါဆိုတာရှိသလို လုပ်တိုင်းအဆင်မပြေဖြစ်ရပြီး ကံဆိုးမိုးမှောင်ကျရတဲ့ အချိန်အခါလည်းရှိပါတယ်။ ဒီတော့သင့်အနေနဲ့ ကံကောင်းတဲ့အချိန်မှာ မိမိလုပ်ချင်တဲ့အလုပ်တွေကိုလုပ်ပြီး ကံမကောင်းအဆင်မပြေတဲ့အချိန်အခါမှာ လုပ်ငန်းတွေမလုပ်ဘဲ သတိထားရှောင်ကြဉ်နေထိုင်မယ်ဆိုရင်တော့ အဆင်မပြေတာတွေမတွေ့ရဘဲ အဆင်ပြေ အောင်မြင်မှုတွေရရှိပါလိမ့်မယ်။ ဒါကြောင့် မိမိတစ်သက်တာလုံးနေထိုင်ရမယ့် နေအိမ်၊ တိုက်တာတစ်လုံး ဆောက်လုပ်မယ်ဆိုရင်တော့ ကံကောင်းပြီး လုပ်သမျှအဆင်ပြေနိုင်မယ့် ကွန်ပဲတင်ပြပေးထားတဲ့ အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေသော အချိန်အခါများမှာ လုပ်ကြည့်ပါလို့ တိုက်တွန်းပေးလိုက်ရပါတယ်။

(၁) မြေကွက်ဝယ်ယူသင့်သောနေ့

၂၈၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၄၊ ၅၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၇၊ ၅၊ ၂၀၂၂ (စနေနေ့)

စရန်ငွေပေးချေရာတွင်လည်းကောင်း၊ ငွေအကျေပေးချေရာတွင်လည်းကောင်း အထက်ပါနေ့ရက်များတွင် ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်-အိမ်မပါသော မြေကွက်အလွတ်ဖြစ် စေ၊ နေမရတော့သော နေအိမ်ပါသောမြေကွက်ဖြစ် စေ၊ အိမ်အသစ်ဆောက်လုပ်နေထိုင်ရန် ဝယ်ယူရာ တွင်ဖြစ်စေ ဤရက်များကို အသုံးပြုရပါမယ်။)

(၂) အိမ်ဝယ်ယူသင့်သောနေ့

၂၉၊ ၄၊ ၂၀၂၂ (သောကြာနေ့)
၆၊ ၅၊ ၂၀၂၂ (သောကြာနေ့)

စရန်ငွေပေးချေရာတွင်လည်းကောင်း၊ ငွေအကျေပေးချေရာတွင်လည်းကောင်း အထက်ပါနေ့ရက်တွင် ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- မိမိအဆင်သင့် တက်ရောက်နေထိုင်ရန်အတွက်ဝယ်ယူသော နေအိမ်၊ တိုက်ခန်းများ အားဝယ်ယူရာတွင် ဤရက်ကိုအသုံးပြုရပါမယ်။)

(၃) အဆောက်အအုံ ဖြိုဖျက်သင့်သောနေ့

၁၊ ၅၊ ၂၀၂၂ (တနင်္ဂနွေနေ့)
၂၊ ၅၊ ၂၀၂၂ (တနလ်ာနေ့)
၇၊ ၅၊ ၂၀၂၂ (စနေနေ့)
၁၀၊ ၅၊ ၂၀၂၂ (အင်္ဂါနေ့)

အိမ်ဟောင်းဖြစ်စေ၊ တိုက်ဟောင်းဖြစ်စေ၊ အဆောက်အအုံ ဟောင်းဖြစ်စေ အထက်ပါနေ့ရက်တွင်ဖြိုဖျက်ခြင်းဖြင့် အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက် - အဆောက်အအုံများဖြိုဖျက်ရာတွင် ဤရက်များကို အသုံးပြုရပါမယ်။)

(၄) အဆောက်အအုံသစ် စတင်ဆောက်သင့်သောနေ့

၂၈၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၂၉၊ ၄၊ ၂၀၂၂ (သောကြာနေ့)
၃၀၊ ၄၊ ၂၀၂၂ (စနေနေ့)
၄၊ ၅၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၆၊ ၅၊ ၂၀၂၂ (သောကြာနေ့)
၇၊ ၅၊ ၂၀၂၂ (စနေနေ့)

ပန်ဆာက်ရိုက်ခြင်း၊ အုတ်မြစ်ချခြင်းများကို အထက်ပါနေ့ရက်များတွင် ပြုလုပ်ခြင်းဖြင့်အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- အဆောက်အအုံ အသစ်တစ်ခု စတင်ဆောက်လုပ်ရာတွင် ဤရက်များကို အသုံးပြုရပါမယ်။)

(၅) နေအိမ်၊ ဆိုင်ခန်းများပြုပြင် အလှဆင်သင့်သောနေ့

၂၇၊ ၄၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၂၈၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၄၊ ၅၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)
၅၊ ၅၊ ၂၀၂၂ (ကြာသပတေးနေ့)
၇၊ ၅၊ ၂၀၂၂ (စနေနေ့)

အခန်းအားပြုပြင်ရာတွင်လည်းကောင်း၊ အလှအပဆင်ရာတွင်လည်းကောင်း အထက်ပါနေ့ရက်များတွင်ပြုလုပ်ခြင်းဖြင့် အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်စေပါလိမ့်မယ်။

(မှတ်ချက်- အခန်းအားပြုပြင်ရာတွင်ဖြစ်စေ၊ အလှအပဆင်ရာတွင်ဖြစ်စေ အလုပ်စတင်လုပ်ကိုင်ရာ တွင် ဤရက်များကိုအသုံးပြုရပါမယ်။)

(၆) အခန်းအပ်သင့်သောနေ့

၂၈၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၂၉၊ ၄၊ ၂၀၂၂ (သောကြာနေ့)

အိမ်သစ်ဖြစ်စေ၊ အခန်းသစ်ဖြစ်စေ အထက်ပါနေ့ရက်တွင် အပ်နှံခြင်းဖြင့် ဤအခန်းလက်ခံရရှိသူ ဟာ အောင်မြင်ပြီးမြောက် သိဒ္ဓိရောက်ရပါလိမ့်မယ်။

(မှတ်ချက် - ကန်ထရိုက်မှ အခန်းရှင်အားအခန်းအပ်ရာတွင် ဤရက်ကိုအသုံးပြုရပါမယ်။)

(၇) အိမ်သစ်တက်၊ အိမ်ပြောင်းသင့်သောနေ့

၂၈၊ ၄၊ ၂၀၂၂ (ကြာသပတေးနေ့)
၂၉၊ ၄၊ ၂၀၂၂ (သောကြာနေ့)
၄၊ ၅၊ ၂၀၂၂ (ဗုဒ္ဓဟူးနေ့)

အိမ်သစ်တက်ရာတွင်ဖြစ်စေ၊ အိမ်ပြောင်းရာတွင်ဖြစ်စေ အထက်ပါနေ့ရက်တွင် ပြောင်းရွှေ့နေထိုင်ခြင်းဖြင့် ဤအိမ်တွင် နေထိုင်သူဟာ အောင်မြင်ပြီးမြောက်သိဒ္ဓိရောက်ရပါလိမ့်မယ်။

ဤရက်ပိုင်းအတွင်း ဘာပဲလုပ်လုပ် အကောင်းဆုံးရက်မှာ (၂၊ ၅၊ ၂၀၂၂) တနလ်ာနေ့ဖြစ်ပါသည်။

ယခုအပတ်အတွင်း ...

နဂါးဦးခေါင်းဟာ အနောက်အရပ်သို့လှည့်နေပြီး ဝမ်းကား မြောက်အရပ်၊ ကျောကား တောင်အရပ်၊ အမြီးကား အရှေ့အရပ်ဖြစ်နေသောကြောင့် အနောက်အရပ်မှ အရှေ့အရပ်သို့ အိမ်ပြောင်းခြင်းမပြုရပါ။

အိမ်ပြောင်းလိုပါက မိမိနေအိမ်၏မြောက်အရပ်မှ တောင်အရပ်သို့ အရင်ပြောင်းသွားပြီးမှ မိမိပြောင်းလိုရာသို့ပြောင်းပါ။

ဒုတိယဝန်ကြီး ဦးမင်းထိန် ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ပြီလ(၂၂)ရက် နံနက်ပိုင်းတွင် မအူပင်-တွံတေးလမ်း မိုင်တိုင် (၂၃/၅-၂၃/၆)တွင် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၁၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသော မဒိုင်းချောင်း တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဝေအောင်က တံတားတည်ဆောက်ရေး လုပ်ငန်းဦးစီးမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြပါသည်။

၄င်းတံတားသည် တွံတေးမြို့နယ်တွင်တည်ရှိပြီး တံတားအရှည် (၁၁၀)ပေ၊ တံတားခန်းဖွင့် (၂၅)ပေ RC + (၆၀)ပေ RC + (၂၅)ပေ RC၊ ယာဉ်သွားလမ်းအကျယ် (၂၄)ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် (၂)ပေစီပါရှိပြီး ရေလမ်းကင်းလွတ် နယ်အမြင့် (၁. ၃)မီတာနှင့် တံတားအမျိုးအစား သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Authentic Construction Co., Ltd မှ အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၁၈/၆ -၂၀/၆) အတွင်း (၄၀)ပေအကျယ် မြေသားတာပေါင်ခဲ့ခြင်းနှင့် လမ်းတာပေါင်ရေမတိုက်စားစေရန် Geogrid/Terramesh/Renomatress များဖြင့် မြေကာရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အား တာဝန်ရှိသူတစ်ဦးက မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြမှုတို့အပေါ် လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းမြင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Oriental Highway Co., Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆားမလောက်-မအူပင် လမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပန်းတနော်မြို့နယ်ရှိ ဆုတောင်းပြည့်-အိမ်မဲလမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသည် Class(A) ကွန်ကရစ်+ ကျောက်လမ်း အမျိုးအစားဖြစ်ပြီး၊ စုစုပေါင်းလမ်း အရှည် (၃)မိုင် (၅. ၁)ဖာလုံဖြစ်ပါသည်။

အလားတူ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်ရှိ လှည်းဆိပ် (စံပြ)ကျေးရွာအဝင် ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးလင်းထိုက်က ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက ကျေးလက်လမ်းများ ရေရှည်သွားလာနိုင်ရေး တာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။ ၄င်းလမ်း၏ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း၊ လမ်းအရှည် (၁)မိုင်၊ လမ်းအကျယ် (၄. ၂၇) မီတာဖြစ်ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင် (၇၄/၅-၉၆/၅)အတွင်း လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လမ်းစခန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးရန်နိုင်ဇော်က လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအား မြေပုံကားချပ်ဖြင့်ရှင်းလင်းတင်ပြမှုတို့အပေါ် လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးချုပ် ဦးသောင်းမြင့်ထွန်းမှ ဖြည့်စွက်ရှင်းလင်းတင်ပြပါသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများပြည့်မီရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်အဆင့်မှ ကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ပြီလ (၂၃)ရက်နေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ပေ့ါရိပ်သာအစည်းအဝေးခန်းမ၌ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးရန်နိုင်ဇော်က ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နာဂစ်လမ်း (၁၁)လမ်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါဝင်သော Paved Road မဖြစ်သေးသည့် လမ်းများအား Paved Road ဖြစ်စေရန် (၅)နှစ်စီမံချက် ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေ၊ ၄င်းလမ်းများပေါ်ရှိ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု၊ လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြပြီး လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြပါသည်။

ဒုတိယဝန်ကြီးက ရောဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ မကြာမီ မိုးရာသီကျရောက်လာမည့် သဘာဝဘေးဒဏ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ သဘာဝဘေးဒဏ်ဖြစ်ပေါ်လာပါက ချက်ချင်းတုံ့ပြန် ဆောင်ရွက်သွားနိုင်ရေး လူ၊ ပစ္စည်း၊ စက်ယန္တရားများ စုစည်းဆောင်ရွက်ထားပြီး ကာကွယ်ရေးစီမံချက်များ ရေးဆွဲထားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီအလေးထားရန်နှင့် အချိန်မီပြီးစီးအောင် တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့တွင် အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၅)က တာဝန်ယူတည်ဆောက်နေသော ပုသိမ်ပြည်သူ့ဆေးရုံကြီး (၉)ထပ်တိုးခွဲ ဆောင် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ အဆောက်အဦအထူးအဖွဲ့(၁၅)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းစိုးက မြို့ပြ၊ ရေသန့်၊ လျှပ်စစ်ကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာခန့်အလိုက် ရန်ပုံငွေရရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အဆောက်အဦဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်း တင်ပြပါသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ သတ်မှတ်အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်လိုပါကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီ၍ ဆေးရုံအင်္ဂါရုပ်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်လိုပါကြောင်း၊ လျှပ်စစ်ပိုင်းလုပ်ငန်းများတွင် Energy Saving နည်းပညာများ ထည့်သွင်းထားရန်နှင့် လုပ်ငန်းများသတ်မှတ်အချိန်မီပြီးစီးရေး ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်မှာကြားပြီး ဆေးရုံတည်ဆောက် ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး (၉၇%)ပြီးစီးလျက်ရှိကြောင်းသိရပါသည်။

၄င်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသည့် Green Land Project အတွင်း နိုင်ငံဝန်ထမ်းအိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိ၍ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးနေမင်းထက်က နိုင်ငံဝန်ထမ်းအိမ်ရာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေနှင့် ဥမ္မာဒန္တီတန်ဖိုးနည်းအိမ်ရာ စီမံကိန်းရောင်းချမှုအခြေအနေတို့အား ရှင်းလင်းတင်ပြပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသက်နိုင်မိုးက ဖြည့်စွက်ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဖောက်လုပ်လျက်ရှိသည့် ချောင်းသာမြို့ရွာလမ်း လမ်းစခန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးလင်းထိုက်က မြို့ရွာလမ်းဆောင်ရွက်နေမှုနှင့် ဘဏ္ဍာခန့်အလိုက် ရန်ပုံငွေရရှိမှုတို့အား ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက မြို့ရွာလမ်းများဖောက်လုပ်ပေးခြင်းဖြင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေပြီး သွားလာလွယ်ကူ၍ အချိန်တိုတောင်းစေရေးတို့အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ လမ်းသစ်ဖောက်လုပ်ရာတွင် ဌာနမှ ချမှတ်ထားသည့် လမ်းအင်္ဂါရုပ်များနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၆)က တာဝန်ယူတည်ဆောက်မည့် ချောင်းသာ-ရွှေသောင်ယံ (ကမ်းခြေပါတ်လမ်း)၏ ချောင်းသာအပိုင်း မိုင် (၁/၀-၁/၁)ကြားရှိ စပါးထားတံတားမှာ သံပေါင်များ နိမ့်ကျပျက်စီးနေသည့်နေရာတွင် ယာဉ်သွားလမ်း (၂၄)ပေ၊ တံတားခံနိုင်ဝန် (၆၀)တန်၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားတည်ဆောက်မည့်လုပ်ငန်းခွင်သို့ရောက်ရှိရာ တံတားအထူးအဖွဲ့ (၁၆)မှဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးဝင်းလွင်က တံတားတည်ဆောက်မည့် အခြေအနေအား ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

လင်းအောင်

CRDCC နှင့် CRDC Engineering Co.,Ltd. ၏ အစီအစဉ်များ

အောင်တင်

"သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ" ရှေးလူကြီးသူမတို့ မေတ္တာရေ့ရှုပြီး ဆုမွန်ကောင်းခြွေလေ့ရှိသောစကား ဖြစ်ပါ၏။ လှည်းခေတ်လေ့ခေတ်ဖြစ်၍ တစ်နေရာနှင့်တစ်နေရာ ခရီးတာတို့က ယနေ့ခေတ်အခါကဲ့သို့ လွယ်ကူချောမွေ့သည်မဟုတ်၊ ကြမ်းတမ်းလှသည်။ အခန့်မသင့်လျှင် ခရီးထောက်၊ နှောင့်နှေးကြန့်ကြာတတ်သည်။ သယ်ဆောင်သွားသော ရေ၊ ရိက္ခာပြတ်လပ် ဒုက္ခရောက်တတ်ကြ၏။ တချို့လည်း အသက်ပါဆုံးရှုံးသည်အထိ ဖြစ်တတ်ကြပါသည်။ သို့သော် မိမိနေရာဒေသတွင်းပင် လူတို့၏လိုအပ်ချက်များ ပြည့်စုံကုန်လုံနိုင်စွမ်းရှားပါးကြရကား ကုန်ကူးခြင်း၊ ပညာရှာပြီးခြင်း၊ ရွှေ့ပြောင်းအခြေချခြင်းတို့ ရှိမြဲရှိကြရာကား စွန့်စားခရီးထွက်ကြသူတို့အတွက် ဆိုခဲ့သော မေတ္တာ ပတ္ထနာစကားပေါ် ခဲ့ရခြင်းဖြစ်သည်။

သည်နောက်ပိုင်းတွင် လူသားတို့၏ ဇွဲ၊ လုံ့လ၊ အားမာန်တို့အရ တောင်တွေ့လျှင် လမ်းဖောက်၊ ချောင်းတွေ့လျှင် တံတားဆောက် ဟူသော ဆောင်ပုဒ်စကားတို့ပေါ် လာခဲ့သကဲ့သို့ မိမိတို့လိုရာခရီးအတွက် စိန်ခေါ်မှုတို့ကို အနိုင်ယူဖြေရှင်းခဲ့ကြ၏။ ယခုတော့ ချောင်းသာမက ဧရာဝတီ၊ သံလွင်၊ စစ်တောင်း စသည့်ကျယ်ဝန်းနက်ရှိုင်းသော မြစ်ကြီးများအပေါ် တွင်လည်းကောင်း၊ မတ်စောက်သီခေါင်သော တောင်တန်းကြီးများအပေါ် တွင်လည်းကောင်း ခန့်ညားထည်ဝါသော တံတားကြီးများ၊ လမ်းမကြီးများကို တွေ့နေရပေပြီ။ သို့ဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနသည် "မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့"ဟူသော ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိနေပေပြီ။

တကယ်တမ်းတွင်လည်း Urbanized infrastructures များ၏ ခမ်းနားဝင့်ထည်မှုသည် နိုင်ငံနှင့်လူမျိုးတို့၏ အသရေကို ဖော်ဆောင်နိုင်စွမ်းရှိလှပါသည်။ သို့သော် အဖျက်စွမ်းအားကြီးသော သဘာဝဘေးဒဏ်များ၊ မြေဆီလွှာ၊ ရေဝေရေလဲစသည့် ပကတိ ပထဝီဝင်အခြေအနေများ စသည်တို့ကြောင့် အံဝင်ခွင်ကျသော နည်းပညာနှင့် အရည်အသွေးပြည့်မီသည့် စံချိန်စံညွှန်းများ ဟန်ချက်ညီဖို့ လိုအပ်ပါသည်။ ထိုအချက်ကို ပြည်သူ့လုပ်ငန်းဌာန (Public Works Department) မှသည် နှစ်ပေါင်းရာကျော်သည့် ယနေ့တိုင်အောင် ဖြတ်သန်းလာခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝါရင့်သဘာရင့် အင်ဂျင်နီယာဝန်ထမ်းများက ဦးထိပ်ပန်ဆင်မြဲဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံတော် တည်ဆောက်ပြုပြင်ရေးအနာဂတ်ကာလတွင် အသစ်ထပ်မံပေါ် ထွန်းလာဦးမည့် နည်းပညာသစ်များနှင့် အမိရေမြေ သဘာဝသမိုင်းဟောင်းများ လစ်ဟင်းမှုမဖြစ်ပေါ် စေရေး၊







တစ်နည်းအားဖြင့် အင်ဂျင်နီယာမျိုးဆက် မပြတ်စေရေးရှေးရှုလျက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ၁၉.၆.၂၀၁၂ ရက်နေ့မှစ၍ C.R.D.C.C Ltd., (တည်ဆောက်ရေး၊ သုတေသန၊ ဒီဇိုင်းနှင့် အတိုင်ပင်ခံ သမဝါယမအသင်းလီမိတက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများဖြင့် ဖွဲ့စည်းတည်ထောင်ပြီး QC လုပ်ငန်းကို အဓိကထားဆောင်ရွက်ခဲ့ပါသည်။

ကုမ္ပဏီအစ ကနဦးတွင် အစုရှယ်ယာတစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အစုရှယ်ယာဝင်ပေါင်း (၃၉၀)ယောက်၊ အစုရှယ်ယာပေါင်း (၃၆၈၀)သိန်းဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အခုအခါ အစုရှယ်ယာပြန်အမ်းခဲ့မှုကြောင့် (၃၁-၃-၂၀၂၂)တွင် အစုရှယ်ယာဝင် (၁၁၇)ယောက်နှင့် အစုရှယ်ယာပေါင်း (၉၅၂)သိန်းရှိပြီး လက်ရှိလည်ပတ်နေဆဲဖြစ်ပါသည်။

ခေတ်ကာလအခြေအနေကြောင့် ခေတ်ကာလအခြေအနေနှင့်လျော်ညီစွာ C.R.D.C Engineering Co.,Ltd (တည်ဆောက်ရေး၊ သုတေသန၊ ဒီဇိုင်းနှင့် အင်ဂျင်နီယာများ ကုမ္ပဏီလီမိတက်)ကို (၆-၉-၂၀၂၀) ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ထိုကုမ္ပဏီသည်လည်း (Q.C) လုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ပြီး အစုရှယ်ယာဝင်(၁၄)ဦးနှင့် အစုရှယ်ယာ(၁၆၃)သိန်း မတည်လျက် အငြိမ်းစား ဆောက်လုပ်ရေးဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

C.R.D.C Engineering Co.,Ltd (တည်ဆောက်ရေး၊ သုတေသန၊ ဒီဇိုင်းနှင့် အတိုင်ပင်ခံသမဝါယမအသင်းလီမိတက်)သည် ယခင်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့် မကြာသေးမီကာလက ပြီးစီးခဲ့သော လုပ်ငန်းတစ်ခုဖြစ်သော ကရင်ပြည်နယ်ရှိ အိန္ဒူ-ကော့ကရိတ်လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း (Q.C) လုပ်ငန်းနှင့် ယခုလက်ရှိတည်ဆောက်ဆဲဖြစ်သည့် ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းတွင်လည်း (Q.C) လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပါသည်။

C.R.D.C Engineering Co.,Ltd (တည်ဆောက်ရေး၊ သုတေသန၊ ဒီဇိုင်းနှင့် အင်ဂျင်နီယာများ ကုမ္ပဏီလီမိတက်)သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးကော်မတီ လုပ်ငန်းများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနလက်အောက်ရှိ လုပ်ငန်းများနှင့် လမ်းဦးစီးဌာန၏ အဆောက်အဦနှင့်လမ်းလုပ်ငန်းအရည်အသွေးစစ်ဆေးခြင်း (Q.C) လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အငြိမ်းစားဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီးတွင် (Q.C) လုပ်ငန်းများ ဆောင်ရွက်ရန် အလို ရှိပါကလည်း C.R.D.C Engineering Co.,Ltd (တည် ဆောက်ရေး၊ သုတေသန၊ ဒီဇိုင်းနှင့် အတိုင်ပင်ခံသမ ဝါယမအသင်းလီမိတက်) နှင့် C.R.D.C Engineering Co.,Ltd (တည်ဆောက်ရေး၊ သုတေသန၊ ဒီဇိုင်းနှင့် အင်ဂျင်နီယာများ ကုမ္ပဏီလီမိတက်) များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ဆက်သွယ်ရန်မှာ Construction, Research, Design and Consultancy Co-operative Limited. တည်ဆောက်ရေး၊ သုတေသန၊ ဒီဇိုင်းနှင့် အတိုင်ပင်ခံသမဝါယမလီမိတက် အမှတ် (၉/၁၀၂)၊ ပထမထပ်၊ သံသုမာလမ်း၊ (၂၄) ရပ်ကွက်၊ သဃ်နန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၀၄၃၈၇၃၃၊ ၀၉-၂၅၀၅၀၉၈၇၄၊ Email-c.r.d.c 2012@gmail.com ဖြစ်ကြောင်းတင်ပြအပ်ပါသည်။







ဒုတိယဝန်ကြီး ဦးဝင်းဖေ ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ရန်ကုန် - ပုသိမ်လမ်းပိုင်းအား ကြည့်ရှုစစ်ဆေး



B.O.T စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသော ရန်ကုန် - ပုသိမ်လမ်း မိုင်တိုင် (၅/၄ မှ ၁၇/၄)အထိ (၁၂) မိုင် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှု အခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပါသည်။ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာတိုးလ်ဂိတ်နှင့် ထန်းတပင်တိုးလ်ဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာဉ်ဖြတ်သန်းမှု၊ လမ်းအသုံးပြုခကောက်ခံမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

Rotary Blue



ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဝင်းဖေသည် ဌာနမှတာဝန်ရှိသူများလိုက်ပါလျက် ဧပြီလ ၂၃ရက် နံနက်ပိုင်းတွင် ပဲခူးမြစ်ကူးတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ Project Consultant အဖွဲ့မှ စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးကျော်ကောင်းချိုက လိုအပ်သည်များအား ရှင်းလင်းတင်ပြပါသည်။ ဒုတိယဝန်ကြီးမှ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကိုဝစ်ရောဂါကာကွယ်ရေးအထူးဂရုပြုရန် လုပ်ငန်းများသတ်မှတ်ချိန်အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ သေသပ်ကောင်းမွန်ရေးတို့အား တာဝန်ရှိသူအဆင့်ဆင့်မှကြပ်မတ်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်နေရာသို့ သွားရောက်ပြီး တံတားအပေါ်ထည် တည်ဆောက်ရာတွင်ပါဝင်သော Streel Anchor Frame များရောက်ရှိမှု အခြေအနေ၊ PC Bo+ Grider များထုတ်လုပ်ထားမှုနှင့် Steel Jetty တည်ဆောက်ထားမှုအခြေအနေများအား မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားပါသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် Oriental Highway Company မှ ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ BOT ယူ ဆောင်ရွက်လျက်ရှိသည့် ပဲခူး-ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်နှင့် ပဲခူး-ဘုရားကြီး-ကျိုက်ထို-သထုံ-မြိုင်ကလေး-ဘားအံလမ်း (၁၆၁မိုင် ၆ဖာလုံ)ကို အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယခုအခါရာသုနှင်းပြည့်ပြီးသွားပြီဟု သိရသည်။

အဆိုပါ ပဲခူး-ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းနှင့် ပဲခူး-ဘုရားကြီး-ကျိုက်ထို-သထုံ-မြိုင်ကလေး-ဘားအံ ကားလမ်းသည် ကုမ္ပဏီအနေဖြင့် BOT ယူခဲ့စဉ်က (၁၆ပေ၊ ၁၈ပေ၊ ၂၀ပေ၊ ၂၂ပေ၊ ၂၄ပေ)စသည်ဖြင့် အသီးသီးပါခဲ့သော်လည်း ခဲ့ရန်မလိုသည့် (၁၄)မိုင် (၄)ဖာလုံကလွဲ၍ ကျန်သည့်မိုင်များကို (၃၆)ပေအထိခဲ့၍ (၄)လမ်းသွား ဆောင်ရွက်ပေးခဲ့သဖြင့် ယခုအခါ ကား(၄)စီး ဟိုဘက်ဒီဘက် ရင်ဘောင်တန်း၍ မောင်းနိုင်နေပြီဖြစ်သည်။

အဆိုပါ အဝေးပြေးကားလမ်းမကြီး အရှည်မိုင် (၁၆၁)မိုင် (၆)ဖာလုံပေါ်တွင် ပေ(၁၈၀)အထက် တံတား(၇)စင်း၊ ပေ(၁၀၀)မှ ပေ(၁၈၀)အထိ တံတား(၆)စင်း၊ ပေ(၅၀)မှ ပေ(၁၀၀)အထိ တံတား(၂၃)စင်း၊ (၁၀)ပေမှ ပေ(၅၀)အထိရှိသည့် တံတား(၁၂)စင်း၊ (၁၀)ပေအောက်တံတား (၂၄၇)စင်း၊ စုစုပေါင်းတံတား (၄၀၄)စင်းပါရှိခဲ့ရာ BOT ကုမ္ပဏီအနေဖြင့် ၄င်းဆောင်ရွက်ရမည့် ပေ(၁၈၀)အောက် တံတားပေါင်း (၃၃၉)စင်းကို အဆင့်မြှင့်တင်၍ အုတ်တံတားအဖြစ် ဆောင်ရွက်ပြီးပြီဟု သိရသည်။

ထို့ကြောင့် အဆိုပါ ပဲခူး-ကျိုက်ထို-မော်လမြိုင်နှင့် ကရင်ပြည်နယ်ဘားအံသွား အဝေးပြေးလမ်းမကြီးကို အသုံးပြုသွားလာနေကြသည့် ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်နှင့် သထုံမှခွဲ၍ မြိုင်ကလေး၊ ဘားအံတို့မှ ဒေသထွက်ကုန်ရာဘာနှင့်သားငါးများ၊ ဟင်းသီးဟင်းရွက်စားကုန်များမှာ ပဲခူး၊ ရန်ကုန်မှတစ်ဆင့် မြန်မာပြည်အရပ်ရပ်သို့ လျင်မြန်စွာရောက်ရှိနေပြီဟု သိရသည်။

ပဲခူး-သထုံ-မော်လမြိုင်-ဘားအံအဝေးပြေးလမ်းမကြီး လေးလမ်းသွားအဆင့်မြှင့်တင်မှု ရာနှုန်းပြည့်ပြီးပြို



မြန်မာနိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင် တစ်နိုင်ငံဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်လည်း နယ်နိမိတ်ထိစပ်၍ အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း (၂၆၀၀၀၀) ကျော် ကျယ်ဝန်းသည်။ နိုင်ငံအတွင်း၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများနေထိုင်ကြပြီး သယံဇာတပို့ဆောင်ရေးကဏ္ဍတွင် မီးရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းများရှိသော်လည်း အဓိကလမ်းမှာ မော်တော်ကားလမ်းဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းဖြင့် နိုင်ငံတော်၏ စီပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်သဖြင့် နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်ရေး၌ ဝန်ကြီးဌာနများကို ခွဲဝေတာဝန်ပေးခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်နှင့် မြို့နယ်ချင်းဆက်လမ်းများကို တာဝန်ယူဆောင်ရွက်ရသလို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနပိုင်လမ်းများ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်၊ နေပြည်တော်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းများ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးပိုင် မဟာဗျူဟာလမ်းများဟူ၍ရှိသော်လည်း နိုင်ငံတော်၏ အဓိကလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် မြန်မာနိုင်ငံတွင်ရှိသော တိုင်းရင်းသားပုဂ္ဂိုလ်ကလုပ်ငန်းရှင် ကုမ္ပဏီများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဦးစီးဌာနတို့ နှစ်ဦးနှစ်ဖက်သဘောတူ (Build Operate & Transfer) စာချုပ်စနစ်ဖြင့် ရွှေသံလွင်

ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်စီပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည့် ကမ်းခြေပတ်လမ်းစီမံကိန်း (အပိုင်း-၂)



ကမ်းခြေပတ်လမ်း (ဆင်မ-ငွေဆော-ချောင်းသာလမ်းဆိုင်း)

မြို့ပြမောင်

ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကမ်းခြေပတ်လမ်းတည်ဆောက်ပေး

ရောဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငရုတ်ကောင်း-ဆင်မ-ငွေဆော်-ချောင်းသာ-ရွှေသောင်ယံ- မကျီးဇင်-ကျောက်ခွန်-ဥတို့ကို ဆက်သွယ်ထားသော ၁၀၃မိုင် ခုဖာလုံအရှည်ရှိသည့် ကမ်းခြေပတ်လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ၄င်းလမ်းသည် ရောဝတီတိုင်းဒေသကြီးတွင် ပုသိမ်ခရိုင်၊ ပုတောမြို့နယ်၊ ရေတ်ကောင်းမြို့နှင့် ပုသိမ်မြို့နယ် ငွေဆော်မြို့၊ ချောင်းသာမြို့၊ ရွှေသောင်ယံမြို့များကို ဆက်သွယ်ထားပြီး ရခိုင်ပြည်နယ် ဂွမြို့အထိ လမ်း/တံတားများကို ဖောက်လုပ်ခြင်းဖြစ်သည်။

ရောဝတီတိုင်းဒေသကြီးအတွင်း လမ်းအရှည် ၉၃မိုင်ရှိပြီး ရွှေသောင်ယံတံတားနှင့် မကျီးဇင်တံတားတို့ကို တည်ဆောက်လျက်ရှိသည်။ ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ကျောက်ခွန်တံတားကို တည်ဆောက်ပြီးဖြစ်သည်။ ဂွမြို့အနီးရှိ ဂွချောင်းတံတားများမှာ ၉၅% ကျော် ပြီးစီးနေပြီဖြစ်သည်။ ရွှေသောင်ယံမြို့နယ်အတွင်း ရွှေသောင်ယံနှင့် မကျီးဇင်လမ်းပိုင်း မြေသားလမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကမ်းခြေပတ်လမ်း စီမံကိန်းရှိလမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများပြီးစီးလာပါက ကမ်းခြေအပန်းဖြေစခန်းအသစ်များ ထပ်မံပေါ်ပေါက်လာမည်၊ မြို့ရွာများစနစ်တကျဖွံ့ဖြိုးလာမည်၊ ဟိုတယ်၊ ဓိုတယ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်လာမည်၊ စက်မှုဇုံများ တိုးချဲ့လာနိုင်မည်တို့ဖြစ်၍ ကမ်းခြေပတ်လမ်းတစ်လျှောက်နေထိုင်ကြသော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။


ချောင်းသာကမ်းခြေရှိ တန်ခိုးကြီးဘုရား


ဆင်ပ-ငွေဆော်-ချောင်းသာလမ်းဆိုင်း

ပုသိမ်ခရိုင် ငွေဆောင်မြို့ ဆင်မရွာမှ ငွေဆောင်မြို့နှင့်ချောင်းသာမြို့သို့ ဆက်သွယ်ထားသော ကမ်းခြေပတ်လမ်းမှာ မိုင်တိုင်(၁၉/၄)မှစ၍ ချောင်းသာမြို့ မိုင်(၄၀/၀)အထိ လမ်းအရှည် ၂၀မိုင် ၄ဖာလုံရှိသည်။ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း ၄မိုင် ၅ဖာလုံအရှည်၊ ကတ္တရာလမ်း တစ်မိုင်အရှည်၊ ကျောက်ခွောလမ်း တစ်မိုင်၊ အမာခံလမ်း ၁မိုင် ၃ဖာလုံအရှည်နှင့် မြေသားလမ်း ၁၂မိုင် ၄ဖာလုံအရှည်ရှိသည်။ ၄င်းလမ်းပိုင်းတွင် အသစ်ထပ်မံတည်ဆောက်ရမည့် တံတားများမှာ ပေ၁၈၀အထက် (၄)စင်း၊ ၁၈၀ပေအောက် (၇)စင်းနှင့် ၁၀ပေ ရေပြွန် (Box Culvert) ၂၈စင်းရှိပါသည်။ ၄င်းလမ်းပိုင်းတွင် မြို့ရွာများဖြစ်သော ဆင်မရွာ၊ မကျီးမှော်ရွာ၊ ရှောက်ချောင်းရွာ၊ ငွေဆောင်မြို့ သဇင်ရွာ၊ ဥတို့ရွာ၊ ချောင်းသာမြို့တို့နှင့် ကမ်းခြေအလှများစွာရှိသည်။ ပုသိမ်-ငွေဆောင်လမ်း ပုသိမ်-ရှောပြာ-ချောင်းသာလမ်းတို့နှင့်လည်း ဆက်သွယ်ထားသည်။


ငွေဆောင်ကမ်းခြေရှိ ဂုက်ကျွန်း

ဂယပသော ဆင်မကမ်းခြေနှင့် ဆင်မရွာ

ဆင်မရွာ၊ ဆင်မကမ်းခြေသည် ငွေဆောင်ကမ်းခြေ၏တောင်ဘက်တွင် တည်ရှိသည်။ ဆင်မရွာတစ်ရွာလုံးက ဒေသခံများသည် ငါးဖမ်းလုပ်ငန်းဖြင့် လုပ်ကိုင်ကြခြင်းကြောင့် ငွေဆောင်မြို့ရဲ့ နာမည်ကျော် နေရာတစ်ခုဖြစ်သည်။ ဆင်မရွာအနီး ပင်လယ်ပြင်ကဖမ်းလို့ရသည့် ငါးမှန်သမျှသည် ငွေဆောင်၊ ချောင်းသာ၊ ပုသိမ်၊ ရန်ကုန်မြို့သို့ ပို့ဆောင်ရောင်းဝယ်ကြပါသည်။ ငွေဆောင်ကမ်းခြေကိုတပ်ပြို၍ ဆင်မကမ်းခြေအား ခရီးစဉ်တစ်ခုအဖြစ် ဆင်မရွာသို့လည်ပတ်နိုင်ပါသည်။ ဆင်မကမ်းခြေသို့ လာရောက်လည်ပတ်ရင်း ဈေးလည်းဝယ်၊ စွန့်စားတဲ့ခရီး (Adventure Tour) အနေဖြင့် ပင်လယ်ထဲစက်လှေစီးရင်း ဆင်မနယ်စပ်သဲဖြူရွာ ထိုပုဂေါ်ရင်းကျွန်းဒေသဖက် စွန့်စားခရီးစဉ်တစ်ခုအနေဖြင့် သွားလာနိုင်သည်။ ဆင်မရွာပတ်ဝန်းကျင်ရှိ သဘာဝကမ်းခြေအလှအပနှင့် ဆင်မရွာရဲ့ လူနေမှုဘဝတွေကို အနီးကပ်မြင်တွေ့ရှိနိုင်တဲ့နေရာတစ်ခုမို့ အခါအခွင့်သင့်ရင် သွားရောက်လည်ပတ်သင့်တဲ့နေရာဒေသတစ်ခု ဖြစ်ပါသည်။


ချောင်းသာကမ်းခြေမှာ ပင်လယ်ရေရိုင်းစီးပုတ္တာ ပေါ့စရာပါ

ငလုပလာလည်ပတ်အပန်းဖြေရာများတဲ့ ငွေဆောင်မြို့

ငွေဆောင်မြို့သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်အတွင်း တည်ရှိသည်။ ငွေဆောင်မြို့အဖြစ် ၂၀၀၄ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၄ခုနှစ်အချိန်တွင် ငွေဆောင်မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့သည်။ ငွေဆောင်မြို့တွင်း မြို့ပေါ်ရပ်ကွက် (၄)ခု၊ ကျေးရွာအုပ်စု (၉)စုနှင့် ကျေးရွာပေါင်း (၄၅)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ ငွေဆောင်မြို့မှာ ၃၁သမ ၆၅စတုရန်းမိုင်ကျယ်ဝန်းပြီး ကျေးရွာအုပ်စုများအပါအဝင် စုစုပေါင်း ၂၃၀သမ ၆၂စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ငွေဆောင်မြို့သို့ ပုသိမ်မြို့မှ ၂၉မိုင် ၄ဖာလုံခွည်သော ပုသိမ်-ငွေဆောင် ကားလမ်းမှလာရောက်နိုင်သည်။ ပုသိမ်မှကားဖြင့်လာလျှင် လမ်းပေပြဝင်ချောမွေ့ခြင်း၊ လမ်းခရီးတွင် ငွေဆောင်မြို့သို့ ဆင်စခန်းနှင့် လိပ်ပြာပြတိုက်တို့ လေ့လာနိုင်ခြင်း၊ သာယာလှပသော ငွေဆောင်ကမ်းခြေတို့ကြောင့် သွားရောက်လည်ပတ် အပန်းဖြေသင့်သည့် မြို့တစ်မြို့ဖြစ်သည်။


သာယာလှပသော ငွေဆောင်ကမ်းခြေ

နာမည်ကျော် ငွေဆောင်ကမ်းခြေ

ငွေဆောင်ကမ်းခြေသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အနောက်ဖက် ၂၉မိုင် ၄ဖာလုံ (၄၈ကီလိုမီတာ) အကွာ ငွေဆောင်မြို့အနီးတွင် တည်ရှိသည်။ မြန်မာနိုင်ငံရှိ ကမ်းခြေများထဲမှ အကောင်းဆုံးပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်ပြီး ၂၀၀၀ပြည့်နှစ်တွင်ပွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့မှ ကားလမ်းခရီး (၅)နာရီကြာမြင့် ခိုနှင်းဖြင့် လာရောက်လည်ပတ်နိုင်သည်။ ငွေဆောင်ကမ်းခြေသည် ၉မိုင် ၃ဖာလုံ (၁၅ကီလိုမီတာ)ခန့် ကျယ်ဝန်းပြီး ကြည်လင်သန့်ရှင်းလှပသော အပြာရောင်ပင်လယ်ပြင်၊ ဖြူဖွေးတောက်ပသော ရေလုံင်းများအပြင်၊ အရိုင်းဆန်ဆန် သဘာဝအတိုင်း သာယာလှပသော ကမ်းခြေတစ်ခုဖြစ်သည်။ ငွေဆောင်ကမ်းခြေအနီးတွင် ချစ်သူများကွန်း၊ ဂုက်ကွန်း၊ လိပ်ကွန်း၊ ငပြုံကွန်းများရှိသည်။ လူအများစိတ်ဝင်စားသည့် ချစ်သူများကွန်းပေါ်ရှိ တောင်ကလပ်တစ်ခုပေါ်မှ နေဝင်ရှုခင်းကိုကြည့်ရှုရန် အကောင်းဆုံးဖြစ်သည်၊ လှပသောငွေဆောင် ကျောက်မောင်နှမကို လေ့လာနိုင်ပြီး ငပြုံကွန်းစေတီတော်ကို ဖူးမျှော်နိုင်ပါသည်။ ငွေဆောင်ပိုးမခ ဆင်စခန်းကိုလည်း သွားရောက်နိုင်ပြီး လေ့လာလည်ပတ် အပန်းဖြေစရာများသော ငွေဆောင်ကမ်းခြေဖြစ်ပါသည်။


စည်ကားလှသည့် ချောင်းသာကမ်းခြေ

ဂယပသော ချောင်းသာ

ချောင်းသာမြို့သည် ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင်တည်ရှိသည်။ ယခင်ကရွှေသောင်ယံမြို့နယ်ခွဲထဲတွင်ရှိပြီး ၂၀၁၄ခုနှစ်တွင် ချောင်းသာမြို့အဖြစ်တိုးချဲ့ခဲ့သည်။ ချောင်းသာမြို့ကို ရပ်ကွက် (၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁)စု ကျေးရွာပေါင်း(၅)ရွာဖြင့် ဖွဲ့စည်းထားသည်။ ချောင်းသာမြို့မှာ မြို့ပေါ်အကျယ်အနံး ၅၁သမ ၄၅စတုရန်းမိုင်ရှိပြီး ကျေးရွာများအပါအဝင် ၂၅၁သမ ၃၅စတုရန်းမိုင် ကျယ်ဝန်းပါသည်။ ပုသိမ်မြို့နှင့်ချောင်းသာမြို့ကို လမ်းအရှည် ၃မိုင် ၄ဖာလုံရှိသော ပုသိမ်-ရှောပြာ-ဥတို့-ချောင်းသာလမ်းဖြင့် ဆက်သွယ်ထားပါသည်။ ချောင်းသာမြို့သည် ကမ်းခြေပတ်လမ်း၊ ငရုတ်ကောင်း-ငွေဆောင်-ချောင်းသာ-ရွှေသောင်ယံ-ကျောက်ခွန်-ဥလမ်း မိုင်တိုင် (၄၀/၀)တွင် တည်ရှိပါသည်။ သာယာလှပသော ချောင်းသာကမ်းခြေရှိသောကြောင့် ချောင်းသာမြို့သို့ ခရီးသွားပြည်သူများ စိတ်ဝင်စားလာရောက်လည်ပတ် အပန်းဖြေသော မြို့တစ်မြို့ဖြစ်ပါသည်။


ငွေဆောင်ကမ်းခြေရှိ ကျောက်မောင်နှမတော်

တိုင်းရောဝတီတွင်းဘဂဲသုံးဖွင့်လှစ်ခဲ့သော ချောင်းသာကမ်းခြေ

ချောင်းသာကမ်းခြေသည် ပုသိမ်မြို့နယ်၊ ချောင်းသာမြို့အနီးတွင် တည်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ပထမဦးဆုံး ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းအဖြစ် မြန်မာ့ခရီးသွားနှစ် ၁၉၉၆ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ ရန်ကုန်မြို့မှ (၅)နာရီခန့် ကားမောင်းခိုနှင် ခရီးဖြင့်လာရောက်လည်ပတ်နိုင်ကြပါသည်။ ချောင်းသာကမ်းခြေသည် ထင်ရှူးပင်၊ အုန်းပင်များနှင့် ထူးခြားလှပလှကိုရှိသည်။ ခရီးသွားဧည့်သည်များအတွက် နှစ်သက်ဖွယ် ပင်လယ်ကမ်းခြေနှင့် ပင်လယ်ပြင်မြင်ကွင်း အလှတရားများနှင့် ပင်လယ်လေနုအေးလေးများကို ခံစားစီးမျှောနိုင်ပါသည်။ ချောင်းသာကမ်းခြေ၏ အထူးခြားဆုံးအရာအနေဖြင့် ဈေးနှုန်းချိသာ၍ လတ်ဆတ်ပြီး အရသာကောင်းမွန်သော ပင်လယ်စာအစားအစာများကို ဝယ်ယူရရှိသုံးဆောင်နိုင်သည်။ အပန်းဖြေစခန်းအနီးအနားတွင်ရှိသော ရေလုပ်ငန်းဆောင်ရွက်သောရွာများသို့ လေ့လာရေးသွားရောက်နိုင်သည်။


ချောင်းသာကမ်းခြေမှာ အရှည် ၁မိုင် ၄ဖာလုံ (၂ကီလိုမီတာခွဲ) ခန့်ရှိသည်။ ကမ်းခြေရိုက္ခာက်ပုထိုးစေတီမှာ ချောင်းသာ၏ အထင်ကရစေတီပုထိုးဖြစ်သည်။ စေတီအနောက်ဘက်ရှိ လှပသောကျောက်ဆောင်တန်းပေါ်မှနေ၍ ကောင်းကင်ပြာပြာ၊ ပင်လယ်ပြာပြာကို နေ့ကခဲထားပြီး ဓာတ်ပုံလှလှများစွာကို ရိုက်ကူးနိုင်ပါသည်။ ချောင်းသာကမ်းခြေအနီးရှိ ထင်ရှူးသောအခြားလည်ပတ်စရာနေရာများမှာ သဲဖြူကျွန်း၊ ဖိုးကုလားကျွန်း (ခေါ်) အောင်မင်္ဂလာကျွန်း၊ ကျောက်မောင်နှမ၊ စကားပါတောင် နဂါးရုံဘုရား၊ ဥတို့ချောင်းနှင့် ဥတို့တံတား၊ ပုသိမ်ချောင်းသာကားလမ်းမဘေးရှိ ချောင်းသာဆင်စခန်းတို့ဖြစ်ကြသည်။ ယခုအခါ ချောင်းသာကမ်းခြေသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ပင်လယ်ရာသီတွင်သာမက၊ မိုးရာသီတွင်ပင် ခရီးသွားဧည့်သည်များစွာ လာရောက်အပန်းဖြေကြသော ကမ်းခြေတစ်ခုဖြစ်ပါသည်။

ချောင်းသာမြို့နှင့်ဝေ့ွေသောင်ယံမြို့ကိုဆက်သွယ်ပေးစေးသည့်ချောင်းသာ-ရွှေသောင်ယံလမ်းပိုင်း


ကမ်းခြေပတ်လမ်းတွင် ချောင်းသာ-ရွှေသောင်ယံလမ်းအပိုင်းသည် မိုင် ၄၀/၀မှ မိုင် ၅၁/၁အတွင်း လမ်းအရှည် ၁၁မိုင် ၁ဖာလုံရှိသည်။ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း ၄မိုင်၊ ကတ္တရာလမ်း ၁ဖာလုံ၊ ကျောက်ခွောလမ်း ၅မိုင် ၆ဖာလုံ၊ အမာခံလမ်း ၁မိုင် ၆ဖာလုံ၊ မြေသားလမ်း ၂ဖာလုံဖြစ်ပါသည်။ ၈၂၇ပေအရှည်ရှိသော ရွှေသောင်ယံတံတားမှာ ၂၀၁၈ခုနှစ်တွင် တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည်။ ၄င်းလမ်းပိုင်းတွင် ၁၈၀ပေအောက် တံတား(၄)စင်းနှင့် ၁၀' ရေပြွန် (Box Culvert) တံတားငယ် (၁၀)စင်း ဆက်လက်တည်ဆောက် သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ်းခြေပတ်လမ်းဘတွက်ဘငေးပါသော ရွှေသောင်ယံတံတား

ရခိုင်ပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီးတို့ ဆက်သွယ်သည့် ကမ်းခြေပတ်လမ်းစီမံကိန်း၏ လမ်းအလယ်နှီးပါးတွင်တည်ရှိသော ရွှေသောင်ယံတံတားကို (၂၈-၁၀-၂၀၁၈)နေ့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ် သည်။ ရွှေသောင်ယံတံတားသည် ချောင်းသာမြို့နှင့် ရွှေသောင်ယံမြို့အကြားရှိ မကျီးချောင်းမြစ်ကိုဖြတ်သန်းတည်ဆောက်ထားသည့် တံတားကြီးဖြစ်သည်။ ရွှေသောင်ယံတံတားသည် အရှည် ၈၂၇ပေ (၂၅၂ မီတာ)ရှိပြီး နှစ်လမ်းသွားသံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ (၁၅)မှ ၂၀၁၇ခုနှစ် ဇူလိုင်လတွင်စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခင်က ချောင်းသာမြို့မှ ရွှေသောင်ယံမြို့သို့ သွားလာရာတွင် မကျီးချောင်းကို ဇက်ဖြင့်ကူး၍သွားလာရပါသည်။ ရွှေသောင်ယံတံတားသစ်တည်ဆောက်ပြီးဖြစ်၍ ယခုအခါချောင်းသာမြို့မှ ရွှေသောင်ယံမြို့သို့ ကားဖြင့်လွယ်ကူစွာ အချိန်တိုတိုင်းသွားလာနိုင်ပြီဖြစ်ပါသည်။ ကမ်းခြေပတ်လမ်းလည်း တစ်စပ်တည်းဖြစ်လာပြီး ချောင်းသာမြို့၊ ရွှေသောင်ယံမြို့နှင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။



ချောင်းသာကမ်းခြေ ငပြုံ


ချောင်းသာနှင့်ရွှေသောင်ယံ ဆက်သွယ်ထားသည့် ရွှေသောင်ယံတံတားသစ်

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
တင်ဒါအမှတ်–၁(၂၀၂၂–၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မောင်တောခရိုင်မှ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်
၁၀-၅-၂၀၂၂ ရက်၊ (အင်္ဂါနေ့)
နံနက် (၁၀း၀၀) နာရီ

(ခ) တင်ဒါစိစစ်လျှောက်လွှာပိတ်မည့် ရက်/အချိန်
၁၈-၅-၂၀၂၂ ရက်၊ (ဗုဒ္ဓဟူးနေ့)
နေ့လယ် (၁၂း၀၀) နာရီ

(ဂ) တင်ဒါဖွင့်မည့် ရက်/အချိန်
၂၀-၅-၂၀၂၂ ရက်၊ (သောကြာနေ့)
နံနက် (၀၉း၀၀) နာရီ

(ဃ) တင်ဒါဖွင့်မည့် နေရာ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊
မောင်တောခရိုင်၊ မောင်တောမြို့

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်(သို့) ဖုန်း-၀၄၃-၅၅၀၄၄ သို့ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ဖုန်း-၀၁-၃၆၄၀၅၁၆၊ ၀၁-၃၆၄၀၁၉၂

လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်
ကတ္တရာ အိတ်ဖွင့်တင်ဒါ
(Open Tender) ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ခရိုင်/အထူးအဖွဲ့များမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော (၆၀/၇၀) ကတ္တရာအမျိုးအစား (၇၀၈. ၄၈)တန်နှင့် (၈၀/၁၀၀) ကတ္တရာအမျိုးအစား (၂၁၀၂. ၄၅၆)တန်အား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာ (ကျပ်)ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာရောင်းချမည့် ရက်
၆-၅-၂၀၂၂ ရက်မှ ၁၆-၅-၂၀၂၂ရက်ထိ

(ခ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်
၁၆-၅-၂၀၂၂ ရက်၊ ညနေ (၀၄း၀၀) နာရီ

(ဂ) တင်ဒါဖွင့်မည့် ရက်
၁၇-၅-၂၀၂၂ ရက်၊ နံနက် (၀၉း၀၀) နာရီ

(ဃ) တင်ဒါစိစစ်ရွေးချယ်မည့် နေရာ
ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေမြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဖုန်း-၀၄၃-၂၂၁၅၊ ၀၉-၄၂၉၂၁၇၇၉၊ ၀၉-၄၅၅၇၉၈၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ Box Culvert နှင့် မြေထိန်းနံရံ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်
၂၃-၄-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်
၁၃-၅-၂၀၂၂ ရက် (အင်္ဂါနေ့) ၁၆း၃၀နာရီအထိ

(ဂ) တင်ဒါတင်သွင်းရမည့် နေရာ
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမှတ်(၁၀+၁၂)၊
(၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့် လည်းကောင်း ရုံးဖုန်း-၀၁-၃၅၉၂၄၁၂နှင့် ၀၁-၃၅၉၂၄၁၃ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
၂၀၂၂–၂၀၂၃ခုနှစ် ဘဏ္ဍာရေးနှစ်
(တင်ဒါအမှတ်–၁) လမ်းဦးစီးဌာန၊
လမ်းအထူးအဖွဲ့ (၁၈)၊ တောင်ကုတ်မြို့

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၈)မှ ၂၀၂၂ခုနှစ် ဧပြီလမှ ၂၀၂၃ခုနှစ် မတ်လအထိ ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်
၁၆-၅-၂၀၂၂ (တနလ်ာနေ့) (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်
၂၄-၅-၂၀၂၂ ရက်၊ (အင်္ဂါနေ့) နေ့လည် (၁၂း၀၀) နာရီ

(ဂ) တင်ဒါဖွင့်မည့် ရက်/အချိန်
၂၆-၅-၂၀၂၂ ရက်၊ (ကြာသပတေးနေ့)
နံနက် (၀၉း၀၀) နာရီ

(ဃ) တင်ဒါဖွင့်မည့် နေရာ
လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊
လမ်းအထူးအဖွဲ့(၁၈)၊ တောင်ကုတ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်နှင့်အသေးစိတ်အချက်အလက်များကို လမ်းအထူးအဖွဲ့(၁၈) ဒု-ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ တောင်ကုတ်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
၀၉-၄၂၁၄၈၈၄၈၊ ၀၉-၂၆၀၄၅၀၃၇၇၊ ၀၄၃-၂၀၆၀၂၂၇

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
၂၀၂၂–၂၀၂၃ခုနှစ် ဘဏ္ဍာရေးနှစ်
လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်
တင်ဒါအမှတ်–(၁/၂၀၂၂–၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်
၁၆-၅-၂၀၂၂ ရက်

(ခ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်
၂၅-၅-၂၀၂၂ ရက်၊ မွန်းလွဲ (၃း၀၀) နာရီ

(ဂ) တင်ဒါဖွင့်မည့် ရက်/အချိန်
၂၈-၅-၂၀၂၂ ရက်
နံနက် (၉း၀၀) နာရီ

(ဃ) တင်ဒါဖွင့်မည့် နေရာ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊
ကျောက်ဖြူခရိုင်

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကျောက်ဖြူခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း-၀၉-၂၅၄၃၀၂၃၅၀ တွင် ရုံးချိန်အတွင်း လာရောက် စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ

အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
၂၀၂၂–၂၀၂၃ခုနှစ် ဘဏ္ဍာရေးနှစ်
(တင်ဒါအမှတ်–၁) လမ်းဦးစီးဌာန၊ သံတွဲခရိုင်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သံတွဲခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်
၁၉-၅-၂၀၂၂ (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်
၂၇-၅-၂၀၂၂ ရက်၊ နေ့လည် (၁၂း၀၀) နာရီ

(ဂ) တင်ဒါဖွင့်မည့် ရက်/အချိန်
၃၀-၅-၂၀၂၂ ရက်၊ နံနက် (၁၀း၀၀) နာရီ


(ဃ) တင်ဒါဖွင့်မည့် နေရာ
လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သံတွဲမြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို သံတွဲခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဖုန်း-၀၄၃-၂၀၆၅၃၂၆ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ

ချစ်ဖြိုး

အမေရိကားအမြင် ပူတင်ဝါဒ



ယခုနှစ်ဖေဖော်ဝါရီ ၂၄တွင် ရုရှားက ယူကရိန်းနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည်မှာ မေလ ၂၄တွင် သုံးလတင်းတင်းပြည့်မည် ဖြစ်သည်။ စစ်ပွဲကြောင့် ယူကရိန်းနိုင်ငံသား ငါးသန်းနီးပါးအိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရသည်။ လူထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီး ယူကရိန်းမြို့ကြီး အများအပြား အပျိုက်ပုံဖြစ်ရသည်။ အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က ရုရှားသမ္မတပူတင်ကို စစ်ရာဇဝတ်ကောင်ဟူ၍ ခေါ်ဆိုခဲ့သည်။ ယူကရိန်းတွင် လူထောင်ပေါင်းများစွာ သေဆုံးမှုအတွက် ပူတင်သည် ရာဇဝတ်ကြောင်းအရ တာဝန်ယူရမည်ဟု ဂျာမနီဝန်ကြီးချုပ် အိုလက်ရှော့ဇ်ကဆိုသည်။ သမ္မတပူတင်ကို နာဇီဂျာမနီခေါင်းဆောင် ဟစ်တလာနှင့် ခိုင်းနှိုင်းပြောဆိုမှုများပင် ရှိနေသည်။ အမေရိကန်နှင့် နေတိုးမဟာမိတ်နိုင်ငံများသည် ယူကရိန်းကို စစ်လက်နက်များ ထောက်ပံ့သည်။ ငွေကြေးအကူအညီများပေးသည်။ သို့သော် ယူကရိန်းစစ်ပွဲတွင် ထဲထဲဝင်ဝင် ပတ်သက်မှုမရှိစေရန် သတိထားနေကြသည်။ ရုရှားက ယူကရိန်း အရှေ့ဘက်တွင် ထိုးစစ်အရှိန်မြှင့်နေသည်။ လွန်ခဲ့သော ဆယ်စုနှစ်ကာလများတွင် အမေရိကန်နှင့် မဟာမိတ်များသည် ပူတင်ကိုလျှော့တွက်ခဲ့ကြသည်။ အိုဘားမား၊ ဒေါ်နယ် ထရန့်တို့ကလည်း ပူတင်ကိုလျှော့တွက်ခဲ့ကြသည်။ ဤအယူအဆနှင့် ပတ်သက်ပြီး The Economist October 22nd 2016 ပါ ပူတင်ဝါဒ (Putinism) ဆိုသော ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်။

၂၀၁၂ခုနှစ်အချိန်က ဖြစ်ပါသည်။ ထိုစဉ်က ရီပတ်ဗလစ်ကင် သမ္မတလောင်း တစ်ဦးဖြစ်သူ မစ်ရွန်နေးက ရုရှားသည် အမေရိကန်၏ ပထဝီနိုင်ငံရေးဆိုင်ရာ နံပါတ်-၁ ရန်သူဖြစ်သည်ဟု ပြောကြားခဲ့သည်။ ယင်းပြောကြားချက်ကို ဘားရက် အိုဘားမားအပါအဝင် ပြိုင်ဘက်နိုင်ငံရေးသမားများက ရယ်စရာပြောမှားဆိုမှားမှုအဖြစ် သရော်လှောင်ပြောင်ခဲ့ကြသည်။

"စစ်အေးတိုက်ပွဲပြီးဆုံးသွားတာ နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ ဒါကြောင့် ယခုအခါ ၁၉၈၀ ပြည့်လွန်နှစ်များက သူတို့ရဲ့ နိုင်ငံခြားရေးမူဝါဒကို အတိတ်မှာထားရစ်ခဲ့ဖို့ တောင်းဆိုနေပါတယ်"ဟု သမ္မတအိုဘားမားက လှောင်ပြောင်ခဲ့သည်။ အချိန်ကဘာတွေများ ပြောင်းလဲခဲ့သနည်း။ ရုရှားသည် ၂၀၁၆ အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ဟက်ကာများ အသုံးပြုပြီး ဝင်ရောက်နှောင့်ယှက်ခဲ့သည်။ ရုရှားသည် ဆီးရီးယားတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ကမကထ ပြုနေသည်။ ခရိုင်မီးယားဒေသကို ပိုင်နက်နယ်မြေအဖြစ် တိုးချဲ့ခဲ့သည်။ ချူးကလီးယားလက်နက်များ အသုံးပြုမှုနှင့်ပတ်သက်ပြီး ပေါ့ပေါ့တန်တန် ပြောနေသည်။ မစ္စတာရွန်နေး၏သဘောထားအမြင်သည် အများနှင့်အတူ မိုးခါးရေလိုက်သောက်သော ရှုမြင်တွေးခေါ်မှုဖြစ်လာခဲ့သည်။ ဒီကနေ့တွင် ယင်းရှုမြင်တွေးခေါ်မှုကို သဘောမတူသည့် အမေရိကန်ဟူ၍ တစ်ဦးတည်းသာရှိသည်။ သူကားရီပတ်ဗလစ်ကင်သမ္မတလောင်း ဒေါ်နယ်ထရန့်ဖြစ်သည်။ (မှတ်ချက်။ ထရန့်သည်ပူတင်၏ ပြတ်သားသည့် ခေါင်းဆောင်မှုစွမ်းရည်ကို အထင်ကြီးအားကျသူဖြစ်သည်။ နောင်သူသမ္မတဖြစ်လာသောအခါ ထရန့်သည် ရုရှားအစားတရုတ်ပြည်ကို အမေရိကား၏ နံပါတ်-၁ ရန်သူအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။)

အပတ်စဉ် ရုရှားသမ္မတဗလာဒီမာပူတင်သည် ကမ္ဘာကြီးအထိတ်တလန့်ဖြစ်စေရန် နည်းလမ်းများရှာဖွေသည်။ မကြာသေးမီက သူသည် ပိုလန်၊ လစ်သူအားနီးယားနိုင်ငံများနှင့် ကပ်ရပ်နေရာများသို့ ချူးကလီးယားထိပ်ဖူးတပ်ဒုံးကျည်များ ရွှေ့ပြောင်းခဲ့သည်။ ယခုအပတ်တွင် သူသည်မြောက်ပင်လယ်နှင့် အင်္ဂလိပ်ရေလက်ကြားအတွင်းသို့ လေယာဉ်တင်သင်္ဘောအုပ်စုတစ်ခု စေလွှတ်ခဲ့သည်။ သူသည် ဆီးရီးယားအာဏာရှင် ဘရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့များကို တိုက်ခိုက်မည့် အမေရိကန်လေယာဉ်မှန်သမျှကို ပစ်ချမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ရုရှား၏ကုလသမဂ္ဂဆိုင်ရာ သံတမန်က အမေရိကန်နှင့် ဆက်ဆံရေးများသည် နှစ်ပေါင်း ၄၀အတွင်း အတင်းမာဆုံးဖြစ်နေသည်ဟု ပြောကြားခဲ့သည်။ ရုရှား၏ ရုပ်မြင်သံကြားသတင်းများတွင် တိုက်ချင်းပစ်ဒုံးကျည်များ၊ ဗုံးခိုက်ငှင်းများဖြင့် ပြည့်နှက်နေသည်။ မစ္စပူတင်၏ ဝါဒဖြန့်ခ်ျရေး အကြီးအကဲ ဒီမီထရီဒီဆီလက်က "အကယ်၍ မလွဲမရှောင်သာ တိုက်ခိုက်ရမယ်ဆိုရင် သင့်အနေနဲ့ ပထမဆုံးတိုက်ခိုက်ရမှာ ဖြစ်ပါတယ်"ဟု ပူတင်၏စကားများကို ရည်ညွှန်းကိုးကား ပြောကြားခဲ့သည်။

အမှန်စင်စစ်ရုရှားသည် အမေရိကားကို စစ်တိုက်မည်မဟုတ်ပေ။ သူ၏စကားအသုံးအနှုန်း အတော်များများသည် သင်္ကြန်အမြောက်ပစ်ဖောက်သည်ထက်မပိုပေ။ သို့သော် ရုရှားသည် တည်ငြိမ်မှုနှင့်ဖွဲ့စည်းပုံစနစ်ကို ခြိမ်းခြောက်နေသည်။ ထိုခြိမ်းခြောက်မှုကို ဖြေကြားရန်ပထမဆုံး အဆင့်မှာ ရုရှား၏ရန်လိုမှုသည် နိုးထလာခြင်း၏ လက္ခဏာတစ်ရပ်မဟုတ်ဘဲ ဆိုးဆိုးရွားရွား အားအင်ကုန်ခမ်းနေသော အားနည်းချက်တစ်ရပ်ဖြစ်ကြောင်း နားလည်ထားရမည်ဖြစ်သည်။

ရုရှားသည် သူ၏စီးပွားရေး၊ နိုင်ငံရေးနှင့် လူအဖွဲ့အစည်းတွင်ဆိုးရွားသော ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ နိုင်ငံလူဦးရေတွင် သက်ကြီးရွယ်အိုများလာနေပြီး ၂၀၅၀ခုနှစ်တွင် လူဦးရေ ၁၀ရာခိုင်နှုန်းခန့် ကျဆုံးသွားမည်၊ နည်းသွားမည်ဟု မျှော်လင့်ရသည်။ နိုင်ငံတော်နှင့် ၄င်း၏စီးပွားရေး ခေတ်မီစေရန် ကုန်ပစ္စည်းအရောင်းအဝယ်ကောင်းသည့် ကာလမှအလွယ်တကူရလာသော ငွေကြေးများကို အသုံးပြုရန် ကြိုးပမ်းမှုသည် ပျက်ပြားခဲ့သည်။ မစ္စတာပူတင် အာဏာရခါစက ကာလတစ်နှစ်လျှင် ခုနှစ်ရာခိုင်နှုန်းကြီးထွားခဲ့သော ရုရှားနိုင်ငံ၏စီးပွားရေးသည် ယခုအခါ လျော့ကျသွားခဲ့သည်။ ယင်းသို့ဖြစ်ရသည်မှာ အရေးယူပိတ်ဆို့မှုများကြောင့် တစ်စိတ်တစ်ပိုင်းပါဝင်ပြီး အကျင့်ပျက်ခြစားမှုနှင့် ရေနံဈေးနှုန်းကျဆင်းမှုတို့က ပိုပြီး အဓိကကျသည်။ ဘယ်သူတွေက ချမ်းသာရမည်ဆို သည်ကိုလည်းကောင်း၊ ချမ်းသာသူများသည် မည်သို့နေထိုင်ပြုမူကြရမည်ကိုလည်းကောင်း ရုရှားအစိုးရက ဆုံးဖြတ်သည်။ ၂၀၁၄ခုနှစ်တွင် ရုရှားတိုင်ကွန်း (tycoon) သြဇာရှိသူဌေးကြီးတစ်ဦးဖြစ်သော ဗလာဒီမာယက်ဗ်တူရွန်တော့ဗ်သည် သုံးလကြာဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်။ သူပြန်လည်ပေါ်ထွက်လာတော့ သူ၏ရေနံကုမ္ပဏီကို ဖျက်သိမ်းခဲ့ရသည်။

ပူတင်သည် ပြည်ပကျူးကျော်မှုဖြင့် ပြည်တွင်းဦအားနည်းချက်များကို ထေမိရန်ကြိုးစားခဲ့သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရွေးကောက်ပွဲ မသမာမှုများဖြစ်ပွားပြီးနောက် လူထုကန့်ကွက်ဆန္ဒပြမှုများနှင့်အတူ ရုရှားလူလတ်တန်းစားသည် ခေတ်မီနိုင်ငံတစ်နိုင်ငံကို လိုလားတောင့်တကြောင်း ဖော်ပြခဲ့ကြသည်။

ရေနံဈေးနှုန်းများမြင့်တက်ချိန်က မစ္စတာပူတင်သည် ထောက်ခံမှုကို ဝယ်ယူခြင်းဖြင့် ၄င်းတို့ကိုခုခံနိုင်ခဲ့သည်။ ယခုအခါ သူသည်ပြင်ပစစ်ပွဲများ ဆင်နွှဲခြင်း၊ အမျိုးသားရေးဝါဒနှိုးဆွရန် သူ၏ဝါဒဖြန့်ခ်ျရေးယန္တရားများကို အသုံးပြုခြင်းဖြင့် သူ၏အာဏာကို ကျားကန်နေသည်။ ဖိနှိပ်ရာတွင် ကျွမ်းကျင်သော်လည်း ရုရှား၏နိုင်ငံရေးစနစ် မခိုင်မာသောကြောင့် အနောက်တိုင်းအယူအဆများအတွက် အကွက်အကွင်း ပေးရာရောက်မည်ကို ပူတင်သတိပြုမိသည်။ တရားဥပဒေစိုးမိုးမှု၊ လွတ်လပ်သော မီဒီယာ၊ ဒီမိုကရေစီနှင့် လွတ်လပ်စွာပြိုင်ဆိုင်မှုကဲ့သို့သော အလေ့အထအဖွဲ့အစည်းများသည် ပူတင်၏ပုပ်သိုးဆွေးမြေ့နေသည့် နိုင်ငံတော်ကို သဘောတရားအရ ခြိမ်းခြောက်နေသည်။

သူ၏ ရာထူးသက်တမ်းအချိန်ကာလ အတော်များများတွင် မစ္စတာအိုဘားမားသည် ရုရှားကိုကျဆင်းနေသော အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ယူဆခဲ့သည်။ ရုရှားကိုအများကြီး ဂရုစိုက်စရာမလိုဟု သဘောထားခဲ့သည်။ သို့သော် ချူးကလီးယားလက်နက်များနှင့်အတူ အားနည်းသော မလုံခြုံသော၊ ခန့်မှန်းရခက်သော နိုင်ငံတစ်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုထက်ပင် ပိုပြီးအန္တရာယ်ကြီးသည်။ စတာလင်အလွန် ဆိုဗီယက်ခေါင်းဆောင်များနှင့်မတူဘဲ ပူတင်သည် နိုင်ငံကိုတစ်ဦးတည်းအုပ်ချုပ်နေသည်။ သူ့ကိုကြပ်မတ်ထိန်းကျောင်းမည့် ပေါ်လစ်ဗျူရိုအဖွဲ့မရှိသို့မဟုတ် သူသည် ဒုတိယကမ္ဘာစစ်၏ အပျက်အစီးများကို ကိုယ်တိုင်မြင်တွေ့ရသူမဟုတ်ပေ။ သူသည် ရုရှားနိုင်ငံကို နောင်နှစ်ပေါင်းအတော်ကြာ ဆက်လက်အုပ်စိုးနေမည်ဖြစ်သည်။ အသက်အရွယ်က သူ့ကိုရင့်ကျက်စေမည့် အလားအလာလည်းမရှိပေ။

မစ္စတာအိုဘားမားသည် ပူတင်ဝါဒနှင့်ပတ်သက်ပြီး မှန်ကန်သောအကြောင်းချက်များကို တိုးပြီးပြောလာသည်။ ယခုအပတ် သတင်းစာရှင်းလင်းပွဲတစ်ခုအတွင်း သူသည်ပူတင်နှင့်ပတ်သက်၍ အတော်လေးမာမာထန်ထန် ပြောကြားခဲ့သည်။ သို့သော်သူသည် အမေရိကန်ကို အာခံနိုင်ပြီး အပေါ်စီးရနိုင်သည်ကို ပူတင်ကောင်းစွာ လေ့လာသိရှိသည်။ ပြင်းထန်သည့်အနောက်အုပ်စု အရေးယူပိတ်ဆို့မှုများသည် သာမန်ရုရှားပြည်သူများအား အခြေအနေပိုဆိုးစေနိုင်သည်။ သို့သော် ယင်းအရေးယူပိတ်ဆို့မှုများက ပြည်သူလူထုစုစည်းညီညာစွာ ဆန့်ကျင်ရမည့် ရန်သူတစ်ဦးကို ဖန်တီးပေးသည်။ သူ၏ကိုယ်ပိုင်မူဝါဒများကြောင့် စီးပွားရေးထိခိုက်ပျက်စီးမှုအတွက် မစ္စတာပူတင်အပေါ် အပြစ်တင်ရမည်ဖြစ်သည်။ အနောက်အုပ်စုအနေနှင့် ဘာလုပ်သင့်သနည်း။ အချိန်က အနောက်အုပ်စုဘက်တွင်ရှိသည်။ လက်ကျန်ပစ္စည်းများကို ပုံးပေါလအောသုံးပစ်ရန် တိုက်တွန်းနေသည့် တစ်ချိန်တည်းမှာပဲ ကျဆင်းနေသည့် အင်အားကြီးနိုင်ငံတစ်နိုင်ငံကို သူ၏ကိုယ်ပိုင်ပဋိပက္ခများကနောက်ဆုံးနင်းချေပစ်ချိန်အထိ ထိန်းချုပ်ထားရန်လိုအပ်သည်။

မှားယွင်းတွက်ချက်မှု၊ အစစ်အဆေးအထိန်းအကျောင်းမရှိမှု၏ အန္တရာယ်ကြောင့် အတွေ့အကြုံအရ အားတက်ဖွယ်မရှိသည့် ယနေ့အချိန်တွင် အမေရိကားသည် မစ္စတာပူတင်နှင့် တိုက်ရိုက်ဆွေးနွေးပွဲများပြုလုပ်ရန် ဆက်လက်ထိတွေ့နေရမည်ဖြစ်သည်။ အောင်မြင်မှုဟူသည် ပြဿနာ၊ အခက်အခဲတစ်ရပ်ရပ်ကို ထိုးဖောက်ကျော်လွှားနိုင်မှုများ၊ အပစ်အခတ်ရပ်စဲရေးများဖြင့် တိုင်းတာ၍မရပေ။ ဆီးရီးယားလို မသိနားမလည်သည့် နိုင်ငံတစ်နိုင်ငံကတော့ အပစ်အခတ်ရပ်စဲရေးကို ကြိုဆိုမည်ဖြစ်သည်။ ရုရှားအနေဖြင့် ဆိုးရွားသည့် အများကျမှုလွန်မည့် အခွင့်အလမ်းများ နည်းသွားအောင် လုပ်ရမည်ဖြစ်သည်။

ချူးကလီးယားဆိုင်ရာ အတွက်အားမူသည် အဆိုးရွားဆုံးအခြေအနေကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ဆွေးနွေးပွဲများတွင် ချူးကလီးယားထိန်းချုပ်ရေးရော စစ်ဘက်အချင်းချင်း ဆက်ဆံရေးများ တိုးတက်စေရေးကိစ္စပါ ထည့်သွင်းသင့်သည်။ ဆိုဗီယက်ယူနီယံခေတ်ကတော့ ချူးကလီးယားလက်နက်များကို အခြားပြဿနာများနှင့် ခွဲခြားထားခဲ့သည်။ ရုရှားသည် ချူးကလီးယားလက်နက်ကို အခွင့်ရှည်စွာတည်တန့်သော အားသာချက်တစ်ရပ်အဖြစ် ရှုမြင်နေသောကြောင့် ချူးကလီးယားထိန်းချုပ်ရေးဆွေးနွေးပွဲများ အောင်မြင်ရန်ခက်ခဲမည်ဖြစ်သည်။

နောက်ထပ်အငြင်းပွားစရာ ဧရိယာမှာ ရုရှား၏အနီးအနား နိုင်ငံရပ်ခြား

စာမျက်နှာ (၁၅)သို့ →

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (သတင်းစာ)

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၈)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရခိုင်ပြည်နယ်(အမ်းမြို့နယ်) အတွင်းရှိ သယု(ပဲပဒုံ)တံတား၊ အုန်းတည်ချောင်းတံတားနှင့် ကျွဲကူးတံတားတို့အတွက် အသုံးပြုရန်လိုအပ်လျက်ရှိသော ဘိလပ်မြေနှင့် ဒီဇယ်ဆီ (ရိုးရိုး/ပရီမီယမ်) စသည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူဆောင်ရွက်လိုသည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၈)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမ်းမြို့၏ ကြော်ငြာသင်ပုန်းတွင် ၂၆-၄-၂၀၂၂ ရက်နေ့မှစ၍ ဖော်ပြထားမည် ဖြစ်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့် ရက်
၂၆-၄-၂၀၂၂ ရက် (ရုံးချိန်အတွင်း)
နံနက် (၁၀း၀၀) နာရီ

(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်
၁၀-၅-၂၀၂၂ ရက်၊ ညနေ (၄း၀၀) နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက်
၁၂-၅-၂၀၂၂ ရက်၊ နေ့လယ် (၁း၀၀) နာရီ

(ဃ) တင်ဒါဖွင့်မည့် နေရာ
ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊
တံတားအထူးအဖွဲ့(၈)၊ အမ်းမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၈)ရုံး၊ အမ်းမြို့တွင် ၂၆-၄-၂၀၂၂ ရက်နေ့မှစ၍ ရုံးချိန်အတွင်းစုံစမ်း၍ လာရောက်ဝယ်ယူနိုင်ပါသည်။

မှတ်ချက်။ ။ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား Coronavirus Diesease 2019 (COVID-19) ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည် ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
၀၉-၄၀၂၆၇၅၅၃၊ ၀၉-၄၀၂၆၉၃၃၇၊
၀၉-၄၅၁၂၉၃၆၇၊ ၀၉-၂၆၄၂၃၈၆၈၊ ၀၉-၄၂၁၇၆၁၄၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လမ်း/ တံတား/အဆောက်အဦလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ (လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်
၉-၅-၂၀၂၂ ရက်

(ခ) တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်
ထပ်မံကြေငြာပါမည်။

(ဂ) တင်ဒါစိစစ်ရွေးချယ်မည့် နေရာ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊
ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်တွင် ဤကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ဖုန်း-၀၁-၃၆၄၀၅၁၆၊ ၀၁-၃၆၄၀၁၉၂

မွန်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မွန်ပြည်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတား လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် အတွက် တိုင်းရင်းသား ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မော်လမြိုင်ခရိုင်၊ ဖုန်းနံပါတ် (၀၅၇၂၀၂၅၈၂၇)နှင့် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သထုံခရိုင်၊ ဖုန်းနံပါတ် (၀၉-၄၃၁၉၁၄၃၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်
၂၀-၄-၂၀၂၂ ရက်

(ခ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့် ရက်
၅-၅-၂၀၂၂ ရက်

(ဂ) လုပ်ငန်းတင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်
၅-၅-၂၀၂၂ ရက်

(ဃ) တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းနိုင်သည့် နေရာ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မော်လမြိုင်ခရိုင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သထုံခရိုင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(c) တင်ဒါဖွင့်မည့် ရက်/အချိန်
တင်ဒါကုမ္ပဏီများအား ပြန်လည်အကြောင်းကြားသွားမည်
ဖြစ်ပါသည်။

တင်ဒါကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန ပူတာအိုခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ပူတာအိုခရိုင် ၂၀၂၂-၂၀၂၃ (၆ပြိုလမှ မတ်လ) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန် အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်
၁၉-၄-၂၀၂၂ ရက် (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်
၃-၅-၂၀၂၂ ရက်၊ ညနေ (၄း၀၀) နာရီ

(ဂ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်
၅-၅-၂၀၂၂ ရက်၊ နံနက် (၁၀း၀၀) နာရီ

(ဃ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ
လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ပူတာအိုခရိုင်

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပူတာအိုခရိုင်ရုံး ဖုန်း-၀၉-၄၂၇၆၇၆၆၂၂ ၀၉-၄၀၀၀၄၁၅၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကချင်ပြည်နယ်၏ မြို့နယ်များအတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်
၁၈-၄-၂၀၂၂ ရက် (တနလ်ာနေ့)

(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်
၃-၅-၂၀၂၂ ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ

(ဂ) တင်ဒါတင်သွင်းရမည့် နေရာ
ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကချင်ပြည်နယ်ကျေးလက်လမ်း
ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၂၅၆၆၁၂၇၈၈

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း တင်ဒါအမှတ် (၁/၂၀၂၂-၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း)/ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို လမ်းအလိုက်၊ လမ်းအပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူဆောင်ရွက်လိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စစ်တွေမြို့၏ ကြော်ငြာသင်ပုန်းတွင် (၁၉-၅-၂၀၂၂) ရက်နေ့မှစ၍ ဖော်ပြထားမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်
၁၉-၅-၂၀၂၂ (ရုံးချိန်အတွင်း)
နံနက် (၁၀း၀၀) နာရီ

(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်
၂၇-၅-၂၀၂၂ ရက်၊ ညနေ (၁၆း၀၀) နာရီ


(ဂ) တင်ဒါဖွင့်မည့် ရက်/အချိန်
၃၀-၅-၂၀၂၂ ရက်၊ (တနလ်ာနေ့)
နံနက် (၁၀း၀၀) နာရီ

(ဃ) တင်ဒါဖွင့်မည့် နေရာ
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊
ရခိုင်ပြည်နယ်၊ စစ်တွေမြို့။

၃။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)ရုံး၊ စစ်တွေမြို့တွင် (၁၉-၅-၂၀၂၂) ရက်နေ့မှစ၍ ရုံးချိန်အတွင်း စုံစမ်း၍လာရောက်ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၉-၄၂၇၁၀၃၄၄၊
၀၉-၂၅၀၃၂၈၃၉၀၊
၀၉-၄၅၀၀၃၉၉၁၁၀

ဒုတိယဝန်ကြီး ဦးမင်းထိန် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား၊ လုပ်ငန်းများကြည့်ရှုစစ်ဆေး



ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမင်းထိန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီလ(၂၄)ရက် နံနက်ပိုင်းတွင် ပုသိမ်-ဂျက်ကာ-စိန်တောင်-မော်တင်စွန်းလမ်းတစ်လျှောက်အား ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် (၉၃/၀) တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ခွဲကျောက် အမာခံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ဇီးချိုင်-ကံချိုင်လမ်း လမ်းစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးချိုက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှု၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက လမ်းများအရည်အသွေး ပြည့်မီအောင် အလေးထားဆောင်ရွက်သွားရန်၊ ရေရှည်တည်တံ့ခိုင်မြဲရေးပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပါသည်။

အလားတူ ဧပြီလ(၂၅)ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ပမ္ဍဝတီတံတား(မြင်းကဆိပ်)





အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနိုင်ဦးက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နှစ်အလိုက်ဘဏ္ဍာငွေရရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် ချဉ်းကပ်လမ်းလုပ်ငန်းများ အစီအစဉ်များအား ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းမြင့်မွန်က ဖြည့်စွက်ရှင်းလင်း တင်ပြခဲ့ပါသည်။

ဒုတိယဝန်ကြီးက ကြုံခိုင်မှုအားနည်းသော ကြိုးတံတားများကိုလည်း ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ၏ နည်းပညာဒီဇိုင်းများကိုအသုံးပြု၍ ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်လုပ်ငန်းများ စနစ်တကျနှင့် လက်ရာလက်သား သေသပ်ကောင်းမွန်မှုရှိစေရန်၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပါသည်။

အဆိုပါတံတားသည် မြောင်းမြမြို့နယ်၊ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်း ပမ္ဍဝတီမြစ်ပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ Steel Box Girder တံတားအရှည် (၁၂၆၀) ပေ၊ တံတားအကျယ်(၃၁)ပေ၊ ယာဉ်သွားလမ်းအကျယ်(၂၄)ပေ၊ ရေလမ်းကင်းလွတ်အကျယ် (၂၀၀)ပေ၊ ရေလမ်းကင်းလွတ်အမြင့်(၂၀)ပေ၊ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန်(၆၀)ဖြစ်ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် လပွတ္တာ-သဲဖြူဆက်သွယ်ရေးလမ်း လမ်းစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်မြတ်နိုးဦးက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများအား မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပါသည်။

အဆိုပါလမ်းသည် လပွတ္တာမြို့နယ်အတွင်း သဲဖြူကျေးရွာကို ဆက်သွယ်ထားသည့်လမ်းဖြစ်ပြီး လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း၊ လမ်းအကျယ် (၁၂)ပေ၊ လမ်းပုံခုံး(၃)ပေ၊ လမ်းနယ်နိမိတ်အကျယ် (၃၀)ပေ ဖြစ်ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်းပေါ်ရှိ မရမ်းချောင်းတံတားသို့ ရောက်ရှိရာ တံတားအထူးအဖွဲ့(၁၆)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းလွင်နှင့်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်မျိုးအောင်တို့က တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ချဉ်းကပ်လမ်းလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး အဆိုပါလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပါသည်။

ဌင်းနောက် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း (ဘိုကလေး-စက်ဆန်းလမ်းပိုင်း) ဘုရားချောင်းမြစ်ပေါ်တွင် တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘုရားချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်း

စာမျက်နှာ (၁၆)သို့ ➡

➡ စာမျက်နှာ (၁၃) အမေရိကားအမြင် ပူတင်ဝါဒ ဆောင်းပါးမှ

ဖြစ်ပေလိမ့်မည်။ ရုရှားသည် ဆိုဗီယက်ယူနီယံအဖွဲ့ဝင်ဟောင်းနိုင်ငံများ သူ့ဩဇာအောက်မှထွက်မသွားစေရန် ယင်းနိုင်ငံများမငြိမ်မသက်ဖြစ်အောင်လုပ်နေသည်ကို ယူကရိန်းအခြေအနေက ဖော်ပြနေသည်။ မစ္စတာထရန့်ပြောကြားခဲ့သည်နှင့် ဆန့်ကျင်လျက်နောင်တက်လာမည့် အမေရိကန်သမ္မတအနေဖြင့် ဤသို့ကြေညာသင့်သည်။ ယင်းမှာ လပ်ဗီးယားမဟုတ် အက်စ်တိုးနီးယားကဲ့သို့ နေတိုးအဖွဲ့ဝင်တစ်နိုင်ငံကို ရုရှားကအလားတူ နည်းဗျူဟာမဟာမိတ်အဖွဲ့နေဖြင့် တစ်ဖွဲ့လုံးကို တိုက်ခိုက်သလိုမျိုးတို့ပြန်မည်ဖြစ်သည်။ ထို့ပြင်ရုရှားက နေတိုးမဟုတ်သော ကျော်ဂျီယာနှင့်ယူကရိန်းတို့ကို ကြိုးကြိုးမားမားကျူးကျော်လျှင် နေတိုးသည် ယင်းနိုင်ငံများအား လက်နက်တပ်ဆင်ခွင့်ရှိကြောင်း ကြေညာရမည်ဖြစ်သည်။

အဖြစ်ချင်ဆုံးက အနောက်အုပ်စုသည် ခေါင်းအေးအေးထားဖို့လိုသည်။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရုရှား၏ဝင်ရောက်စွက်ဖက်မှုကို ချင့်ချင့် ချိန်ချိန်လက်တုံ့ပြန်ရန် ထိုက်တန်သည်။ သို့သော် အနောက်အုပ်စုသည် ရုရှား၏ မရိုးဖြောင့်သော လုပ်ရပ်များကို ကြဲကြဲခံနိုင်သည်။ ရုရှားသည် ဆွဲဆောင်မှုရှိ သော အယူအဆတစ်ရပ် သို့မဟုတ် အမြင်တစ်ရပ်ကို ကမ္ဘာကြီးအားပေးအပ်ရန် ဟန်ဆောင်ပန်ဆောင်လုပ်မည် မဟုတ်ပေ။ ယင်းအစား ၎င်း၏ ဝါဒဖြန့်ချိရေးက အနောက်အုပ်စုသည် ရုရှားနည်းတူ အကျင့်ပျက်ကြောင်း အယူအဆတစ်ခုကို ပြုစုပျိုးထောင်ခြင်းအားဖြင့် ကမ္ဘာလုံးဆိုင်ရာ အခြေခံလစ်ဘရယ်တန်ဖိုးများကို သိက္ခာချရန်၊ ဆုတ်ယုတ်လျော့ပါးရန် ရည်ရွယ်သည်။ ထို့ပြင်အနောက် အုပ်စု၏ နိုင်ငံရေးစနစ်သည် ရုရှားနိုင်ငံရေးစနစ်ကဲ့သို့ အကွက်ဆင်မှု၊ အကြံအ ဖန်လုပ်မှုများရှိကြောင်း ဖော်ပြရန်ရည်ရွယ်သည်။ ရုရှားသည် ကမ္ဘာကြီးကိုပုံဖော်ရန်၎င်း၏စွမ်းရည်အပေါ် ယုံကြည်မှုဆုံးရှုံးနေကြောင်း အနောက်အုပ်စုအား အကွဲကွဲအပြားပြားဖြစ်အောင် ဖန်တီးချင် သည်။ ၎င်းကို တုံ့ပြန်ရာတွင် အနောက်အုပ်စုအနေဖြင့် စည်းလုံးညီညွတ်ရန်နှင့် ခိုင်မာပြတ်သားရန်လိုပေသည်။

Ref:The Economist, 22.10.2016
"Putinism"

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၆) အိတ်ဖွင့်တင်ဒါအမှတ် (၁/၂၀၂၂–၂၀၂၃)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၃)၊ လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့် ရက်/အချိန်/နေရာ
၉-၅-၂၀၂၂ ရက်၊ (တနလ်ာနေ့) (ရုံးချိန်အတွင်း)
ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊
လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့

(ခ) တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးရောင်းချမည့် ရက်
၂၀-၅-၂၀၂၂ ရက်၊ (သောကြာနေ့)
ညနေ (၁၆း၀၀) နာရီအထိ

(ဂ) တင်ဒါဖွင့်မည့်ရက်
၂၃-၅-၂၀၂၂ (သောကြာနေ့)၊ နံနက် (၁၀း၀၀) နာရီ

(ဃ) တင်ဒါစိစစ်ရွေးချယ်မည့် နေရာ
ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊
လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ဖုန်း-၀၉-၄၂၇၁၁၄၉၁၊ ၀၉-၄၀၉၂၇၇၇၅၊ ၀၉-၉၈၉၅၆၄၀၆၁

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကယားပြည်နယ်လမ်း/တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်တို့မှ တာဝန်ယူဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများ အား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်
၂၅-၄-၂၀၂၂ ရက် (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်
၁၀-၅-၂၀၂၂ ရက်၊ ညနေ (၁၆း၀၀) နာရီ

(ဂ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန်
၁၅-၅-၂၀၂၂ ရက်၊ နံနက် (၀၉း၀၀) နာရီ

(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်အသေးစိတ်ကို သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ် များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-
ဖုန်း-၀၈၃-၂၂၂၁၄၉၄၊ ၀၈၃-၂၂၂၁၀၀၈၊ ၀၈၃-၅၀၁၀၂

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမအကြိမ်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း-တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါ (Open Tender) များကို ပထမအကြိမ် ခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်
၂၅-၄-၂၀၂၂ ရက်မှ ၆-၅-၂၀၂၂ ရက်အထိ
(ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊
သထုံခရိုင်၊ သထုံမြို့

(ဂ) တင်ဒါဖွင့်မည့် ရက်/အချိန်
၁၀-၅-၂၀၂၂ ရက်၊ (အင်္ဂါနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မော်လမြိုင်ခရိုင် ၀၅၇-၂၄၇၅၉
သထုံခရိုင် ၀၅၇-၄၀၀၄၆

အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောလမ်းခင်းပစ္စည်း (ကတ္တရာ၊ ဒီဇယ်ဆီ၊ Guard Rail နှင့် ကျောက်အရွယ်စုံစသည့်) များအား မြန်မာ ကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့**
၁၀-၅-၂၀၂၂ ရက် (အင်္ဂါနေ့)

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်**
၃၁-၅-၂၀၂၂ ရက်၊ (အင်္ဂါနေ့)၊ နေ့လည် (၁၂း၃၀) နာရီ

(ဂ) **တင်ဒါဖွင့်မည့် ရက်/အချိန်**
၂-၆-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက် (၁၀း၀၀) နာရီ

(ဃ) **တင်ဒါဖွင့်မည့် နေရာ**
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊
အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့
နေပြည်တော် (စီလမ်းဆုံ)

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း ၀၉-၂၅၀၉၀၂၀၀၄

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်းဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာတံတားများ၏ လုပ်ငန်းခွင်အရောက် (ပထမ)အကြိမ် အိတ်ဖွင့်တင်ဒါစနစ်၊ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် တင်ဒါတင်သွင်းလိုသူများမှ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်
၂၃-၄-၂၀၂၂ ရက်

(ခ) တင်ဒါပိတ်မည့် ရက်/အချိန်
၁၂-၅-၂၀၂၂ ရက်၊ ၁၅း၀၀ နာရီ

(ဂ) တင်ဒါဖွင့်မည့် ရက်/အချိန်
၁၆-၅-၂၀၂၂ ရက်၊ ၁၀း၀၀ နာရီ

(ဃ) တင်ဒါဖွင့်မည့် နေရာ
တံတားစီမံကိန်းအဖွဲ့(၁)ရုံး၊ တံတားဦးစီးဌာန၊
ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားစီမံကိန်းအဖွဲ့ (၁)၊ ဟားခါးမြို့၊ ဖုန်း-၀၉-၉၈၁၁၂၃၇၆၊ ၀၉-၉၅၀၇၉၃၂၅၆ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ တံတားစီမံကိန်းအဖွဲ့(၁)
ချင်းပြည်နယ်၊ ဟားခါးမြို့

→ စာမျက်နှာ (၁၅) ဒုတိယဝန်ကြီး ဦးမင်းထိန် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား၊ လုပ်ငန်းများကြည့်ရှုစစ်ဆေး သတင်းမှ

ဆောင်သို့ရောက်ရှိရာ တံတားအထူးအဖွဲ့ (၁၆)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းလွင်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် ချဉ်းကပ်လမ်းလုပ်ငန်း အစီအစဉ်တို့အား မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ယင်းနောက် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-အမာလမ်းပေါ်တွင် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ တံတားအထူးအဖွဲ့ (၁၀)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒေးဒလူတံတားလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားအထူးအဖွဲ့ (၁၀)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးသက်ထွန်းက မှတ်တမ်းဓာတ်ပုံများနှင့်အတူ နှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရန်ပုံငွေရရှိမှုအခြေအနေနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့အား လည်းကောင်း၊ လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဝင်းမြင့်က ချဉ်းကပ်လမ်းဆောင်ရွက်မည့် လုပ်ငန်းအစီအမံတို့အားလည်းကောင်း အသီးအသီး ရှင်းလင်းတင်ပြမှုတို့အပေါ် ဒုတိယညွှန် ကြားရေးမှူးချုပ် ဦးသိန်းမြင့်မွန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေး စံချိန်စညွှန်း၊ လက်ရာများ အထူးကောင်းမွန်ရေးနှင့် သတ်မှတ် ချိန်အတွင်းပြီးစီးရေးတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပါသည်။

အဆိုပါတံတား၏ တံတားအမျိုးအစားမှာ တံတားအုတ်မြစ်၊ Bored Pile၊ တံတားကိုယ် ထည်ပိုင်း၊ သံကူကွန်ကရစ်အုတ်မြစ်ထိပ်အုပ်နှင့် တံတားအပေါ်ထည်ပိုင်း၊ R.C Girder & P.C Girder, R.C Slab & Hand Rail၊ တံတားအရှည် (၈၇၀)ပေ၊ တံတားအကျယ် (၉. ၁၄၄)မီတာ၊ ယာဉ်သွားလမ်းအကျယ် (၇. ၃၁၆)မီတာ၊ လူသွားလမ်းအကျယ် (တစ်ဖက်လျှင်) (၀. ၉၁၄) မီတာ၊ ရေလမ်းကင်းလွတ်အမြင့် (၆. ၁)မီတာ၊ ရေလမ်းကင်းလွတ်အကျယ် (၂၅. ၉၈)မီတာ၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်မှာ (၆၀) တန်ဖြစ်ပါကြောင်းသိရှိရပါသည်။

လင်းအောင်

ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန မိုးညှင်းခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်စဉ် (၁/၂၀၂၂-၂၀၂၃)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ) ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်
၁၉-၄-၂၀၂၂ ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်
၃-၅-၂၀၂၂ ရက် မွန်းလွဲ (၂း၀၀) နာရီ
(ဂ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်
၅-၅-၂၀၂၂ ရက်၊ နံနက် (၁၀း၀၀) နာရီ
(ဃ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ
မိုးညှင်းခရိုင်ရုံး၊ လမ်းဦးစီးဌာန

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၅၆၀၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၂)၊ မြစ်ကြီးနားမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)တင်ဒါအမှတ်စဉ်(၁/၂၀၂၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၄)၊ လမ်းအထူးအဖွဲ့ (၂)၊ မြစ်ကြီးနားမြို့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ)ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်
၁၉-၄-၂၀၂၂ ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်
၃-၅-၂၀၂၂ ရက် မွန်းလွဲ (၁း၀၀) နာရီ
(ဂ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်
၅-၅-၂၀၂၂ ရက်၊ နံနက် (၁၀း၀၀) နာရီ
(ဃ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ
ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၂)၊ မြစ်ကြီးနားမြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၂)၊ မြစ်ကြီးနားမြို့ ဖုန်း-၀၉-၇၆၁၁၀၆၃၃၁ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်စဉ် (၁/၂၀၂၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ) ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်
၁၉-၄-၂၀၂၂ ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်
၃-၅-၂၀၂၂ ရက်၊ ညနေ (၄း၀၀) နာရီ
(ဂ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်
၅-၅-၂၀၂၂ ရက်၊ နံနက် (၁၀း၀၀) နာရီ
(ဃ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ
မြစ်ကြီးနားခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ မြစ်ကြီးနားခရိုင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၅၂၃၁၊ ၀၉-၈၉၆၀၆၉၈၀၀ တို့တတသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကယားပြည်နယ် ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လမ်းဦးစီးဌာန၊ လွိုင်ကော်ခရိုင်၊ ဘောလခဲ ခရိုင်၊ လမ်းအထူးအဖွဲ့ (၁၃)နှင့် တံတားအထူးအဖွဲ့ (၆)တို့မှ ဆောင်ရွက်ရမည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်း ကတ္တရာ ၆၀-၇၀၊ ၈၀-၁၀၀ အမျိုးအစားနှင့် သံချောင်းလုံးရွယ်စုံ၊ ပရီမီယံဒီဇယ်ဆီ၊ ဘိလပ်မြေ၊ ထုံး၊ ခွဲကျောက် ရွယ်စုံ၊ သဲကြမ်း၊ မြစ်သဲ၊ ကျောက်ရောမြေ၊ ကျောက်မှုန့်နှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသောကြောင့် အောက်ဖော်ပြပါအတိုင်း ပစ္စည်းတင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်
၂၂-၄-၂၀၂၂ ရက်၊ (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်
၉-၅-၂၀၂၂ ရက်၊ (၁၆း၀၀)နာရီ
(ဂ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့် ရက်/အချိန်
၁၂-၅-၂၀၂၂ ရက်၊ (၀၉း၀၀)နာရီ
(ဂ) တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ
ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကယားပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များ၊ ဝယ်ယူမည့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-
ဖုန်း-၀၈၃-၂၂၂၁၄၉၄၊ ၀၈၃-၂၂၂၁၀၀၈၊ ၀၈၃-၅၀၁၀၂

တင်ဒါကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန ဗန်းမော်ခရိုင်၊ အိတ်ဖိတ်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်စဉ်(၁/၂၀၂၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာ) ကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်
၁၉-၄-၂၀၂၂ ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးဝယ်ယူရမည့် ရက်/အချိန်
၃-၅-၂၀၂၂ ရက် မွန်းလွဲ (၂း၀၀) နာရီ
(ဂ) Prebid Meeting ပြုလုပ်မည့် ရက်/အချိန်
၃-၅-၂၀၂၂ ရက်၊ ညနေ (၃း၀၀) နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်
၅-၅-၂၀၂၂ ရက်၊ နံနက် (၉း၀၀) နာရီ
(င) တင်ဒါလျှောက်လွှာ တင်သွင်းရမည့် ရက်/အချိန်/နေရာ
၄-၅-၂၀၂၂ ရက်၊ ညနေ (၄း၀၀) နာရီ
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဗန်းမော်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၉-၄၅၆၆၀၂၇၇၂၊ ၀၇၄-၂၀၀၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖလမ်းမြို့ (၄)ခန်းတွဲ (၂)ထပ်အဆောက်အအုံ၏ လက်ကျန် (၅၀%)အား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါ စတင်ရောင်းချမည့်ရက်
၄-၄-၂၀၂၂ ရက်
(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်
၃-၅-၂၀၂၂ ရက်၊ ညနေ ၄း၃၀ နာရီ
(ဂ) တင်ဒါရွေးချယ်မည့် ရက်/အချိန်
ထပ်မံကြေညာပါမည်။
(ဃ) တင်ဒါရောင်းချတင်သွင်းရမည့် နေရာ
ချင်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်၊ မြို့နယ် ဦးစီးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖလမ်းမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက ဤဦးစီးဌာနရုံး ဖုန်း-၀၇၀-၂၂၄၂၀၊ ၀၉-၂၅၁၁၈၂၁၁ သို့ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဒုတိယဝန်ကြီး ဦးဝင်းဖေ ပုလဲမြို့သစ်ရှိ နွယ်ခွေယန္တရားတပ်ခွဲ (တောင်) ပစ္စည်းသိုလှောင်ရေးဝင်း၊ လှည်းကူးမြို့နှယ် အမှတ် (၇)လမ်းဟောက်လုပ်နေမှုနှင့် အမှတ် (၂)လမ်းအား (၂၄)ပေ အကျယ် ကွန်ကရစ်လမ်းခဲ့နေမှုအခြေအနေတို့ကြည့်ရှုစစ်ဆေး






ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီလ(၂၄)ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပုလဲမြို့သစ်၊ နွယ်ခွေယန္တရားဝင်းသို့ ရောက်ရှိရာ လမ်းဦးစီးဌာန၊ ယန္တရားတပ်ခွဲ (တောင်)တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးတင်မောင်ကြည်က စက်၊ ယာဉ်၊ ယန္တရားများ ထိန်းသိမ်းထားရှိမှု အခြေအနေအား ရှင်းလင်းတင်ပြပါသည်။ ဒုတိယဝန်ကြီးက စက်၊ ယာဉ်၊ ယန္တရားများ လုံခြုံရေး အထူးဂရုပြုရန် ၊ ကျူးကျော်တဲများ ခွဲဆင်းပြီးမှမရှိစေရေးအတွက် ဝန်ထမ်းအင်အားလုံလောက်စွာ စုဖွဲ့တာဝန်ပေးအပ်ရန် လမ်းညွှန်မှာကြားပါသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လုံခြုံရေးဂိတ်၊ ပစ္စည်းဟောင်းဂိုဒေါင်နေရာများ၊ စက်ပြင်/စက်မောင်း ဝန်ထမ်းလိုင်းခန်းနေရာနှင့် စက်ယာဉ်ယန္တရားများ ထိန်းသိမ်းထားရှိမှုတို့အား နွယ်ခွေယန္တရားဝင်းပတ်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ယန္တရားအခြေစိုက်ရုံး (အောက်မြန်မာပြည်) ရုံးအခြေစိုက်မြေနေရာ ခွဲဝေရရှိမှု၊ ခြံစည်းရိုးကာရံ ပြီးစီးမှု၊ ရုံး၊ ဝန်ထမ်းအိမ်ရာ၊ ဂိုဒေါင်နှင့် စက်ယာဉ်ယန္တရားများ ထိန်းသိမ်းထားရှိမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားပါသည်။ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် အမှတ် (၇)လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး၊ Max Myanmar Company မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော အမှတ် (၂)လမ်းမကြီး၊ မိုင်တိုင် (၂၂)မှ (၂၃)ကြား (၂၄)ပေအကျယ် ကွန်ကရစ်လမ်းခဲ့နေမှု အခြေအနေအား မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ခံ ဦးခင်မောင်ကြွယ်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့အား ရှင်းလင်းတင်ပြပါသည်။ ဒုတိယဝန်ကြီးက လမ်းနယ်နိမိတ်တွင်း ကျူးကျော်များ မရှိစေရန်၊ လမ်း Design မှန်ကန်မှုရှိရန်တို့အား ဌာနဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရန် လမ်းခံနိုင်ဆောင်ရွက်ရန်တို့အား လမ်းညွှန်မှာကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် အမှတ် (၂)လမ်းဆုံနေရာသို့ ရောက်ရှိပြီး ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံမှုအတွက် လမ်းလယ်ကွန်း ဆောင်ရွက်ထားရှိမှု၊ လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်များ တပ်ဆင်မှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား၍ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးအတိုင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

Rotary Blue



AGGC
www.aungyigroup.com
Lot 9, Parami Valley, Mindama Road, Mayangone Township, Yangon, Myanmar.
Tel: +95-78 5000001, 78 5000002, 78 5000003, 78 5000004, 78 5000005
Email : info@aungyigroup.com www.aungyigroup.com